## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## (မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နည်းဥပဒေများ)
## အမိန့်ကြော်ငြာစာအမှတ် (၉၁/၂၀၁၄)
## ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
## (၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**[ ပြင်ဆင် : 26.06.2021, 09.10.2023 ]**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၅၂၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း(၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေတွင်ပါဝင်သော ကောင်စီဆိုသည်မှာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို ဆိုသည်။ ဤနည်းဥပဒေတွင် ပါရှိသောစကားရပ်များသည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေတွင် ပါရှိသော စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အလုပ်သင်အင်ဂျင်နီယာလက်မှတ်** ဆိုသည်မှာ ကောင်စီတွင် ဘွဲ့ရအင်ဂျင်နီယာအဖြစ် စာရင်းသွင်း ၍ ကောင်စီကထုတ်ပေးသော လက်မှတ်ကိုဆိုသည်။

(ခ) **အလုပ်သင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ်** ဆိုသည်မှာ ကောင်စီတွင် ဘွဲ့ရနည်းပညာကျွမ်းကျင်သူအဖြစ် စာရင်းသွင်း၍ ကောင်စီက ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ဂ) **အလုပ်သင်နည်းပညာကျွမ်းကျင်သူလက်မှတ်** ဆိုသည်မှာ ကောင်စီတွင် နည်းပညာကျွမ်းကျင်သူ အဖြစ် စာရင်းသွင်း၍ ကောင်စီကထုတ်ပေးသော လက်မှတ်ကိုဆိုသည်။

(ဃ) **နာယကအဖွဲ့** ဆိုသည်မှာ ဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ နာယကအဖွဲ့ကို ဆိုသည်။

(င) **ဥပဒေ**ဆိုသည်မှာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကိုဆိုသည်။
<ပြင်ဆင် 26.06.2021>

### အခန်း(၂)
### မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဖွဲ့စည်းခြင်း

Myanmar Law Information System (MLIS)

**နာယကအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၃။ နာယကအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များသည် အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ကောင်စီ၏လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် လမ်းညွှန်မှု၊ အကြံပြုမှုများ ပြုလုပ်ခြင်း၊

(ခ) ကောင်စီသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်မှု ရှိ/မရှိ၊ ဆောင်ရွက်နိုင်မှု ရှိ/မရှိ စောင့်ကြည့်ထိန်းညှိမှုများ ဆောင်ရွက်ခြင်း၊

(ဂ) ကောင်စီဝင်များနှင့် အလုပ်အမှုဆောင်အဖွဲ့ကို ဤနည်းဥပဒေများနှင့်အညီ ဖွဲ့စည်းပေးခြင်း၊

(ဃ) ကောင်စီဝင်များက အလုပ်အမှုဆောင် အဖွဲ့ဝင်များကို ရွေးကောက်တင်မြှောက်ရာတွင် တရားသဖြင့်မဖြစ်ဟု ကောင်စီဝင်တစ်ဦးဦးက ယူဆ၍ တိုင်ကြားလာလျှင် စုံစမ်းစစ်ဆေး စီရင်ဆုံးဖြတ် ခြင်း၊

(င) ကောင်စီဝင်နေရာ လစ်လပ်လျှင် အစားထိုးဖွဲ့စည်းခြင်း၊

(စ) ကောင်စီတွင် မှတ်ပုံတင်ရာ၌ ရှိရမည့်အရည်အချင်းနှင့် စပ်လျဉ်း၍ အထူးကိစ္စများတွင် ခိုင်လုံသော အကြောင်းပြချက်ရှိပါက လျှော့ပေါ့ (ဖြေလျှော့) ပေးနိုင်ခြင်း။

<ပြင်ဆင် 26.06.2021>

၃-က။ (က) နာယကအဖွဲ့၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းအတိုင်းဖြစ်သည်။ နာယကအဖွဲ့ဝင်များသည် တစ်ဆက်တည်း သက်တမ်းနှစ်ကြိမ်အထိ ဆောင်ရွက်နိုင်သည်။ သက်တမ်းထက်ဝက်ကျော်ထမ်းဆောင်လျှင် တစ်ကြိမ်ထမ်းဆောင်ခြင်းဟု သတ်မှတ်သည်။

(ခ) တာဝန်ခံဝန်ကြီးဌာနသည် အသစ်ဖွဲ့စည်းမည့် နာယကအဖွဲ့တွင် ပါဝင်မည့်သူများ၏ အမည်စာရင်းကို လက်ရှိနာယကအဖွဲ့၏ သက်တမ်းမကုန်ဆုံးမီ (၁)လ ကြိုတင်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီး အတည်ပြုချက်ရယူရမည်။

(ဂ) တာဝန်ခံဝန်ကြီးဌာနသည် လိုအပ်ပါက နာယကအဖွဲ့ဝင်တစ်ဦးဦးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်တမ်းနှစ်ကြိမ်ထက်ပို၍ တာဝန်ပေးအပ်နိုင်သည်။

<ပြင်ဆင် 26.06.2021, 09.10.2023>

**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဖွဲ့စည်းခြင်း**

၄။ နာယကအဖွဲ့သည် ကောင်စီကို ဖွဲ့စည်းရာတွင် -

(က) သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့်ဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များအနက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ၂ ဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၁ ဦး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ၁ ဦး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ၁ ဦး၊ စွမ်းအင်ဝန်ကြီးဌာနမှ ၁ ဦး၊ စက်မှုဝန်ကြီးဌာနမှ ၁ ဦး၊

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ၁ ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၂ ဦးဖြင့် ကောင်စီဝင် ၁၀ ဦးကို ရွေးချယ်တာဝန်ပေးအပ်ရမည်။

(ခ) သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် အင်ဂျင်နီယာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာ အစိုးရဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံများမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များအနက် သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ ၈ ဦး၊ တပ်မတော်နည်းပညာတက္ကသိုလ်မှ ၁ ဦး၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ၁ ဦးဖြင့် ကောင်စီဝင် ၁၀ ဦးကို ရွေးချယ်တာဝန်ပေးအပ်ရမည်။

(ဂ) သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် အင်ဂျင်နီယာလုပ်ငန်းနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်း၊ အင်ဂျင်နီယာနှင့် နည်းပညာ သင်ကြားရေးဆိုင်ရာ အစိုးရဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ အငြိမ်းစား မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များအနက် ကောင်စီဝင် ၁၀ ဦးကို ရွေးချယ်တာဝန်ပေးအပ်ရမည်။

(ဃ) သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် အစိုးရမဟုတ်သော အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များအနက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်မှ ၉ ဦး၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်မှ ၁ ဦး၊ မြန်မာနိုင်ငံနည်းပညာရှင်များ အဖွဲ့မှ ၂ ဦး၊ မြန်မာနိုင်ငံဗိသုကာအသင်းမှ ၁ ဦး၊ မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်မှ ၁ ဦး၊ မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်းမှ ၁ ဦးဖြင့် ကောင်စီဝင် ၁၅ ဦးကို ရွေးချယ်တာဝန်ပေးအပ်ရမည်။

(င) ပြင်ပမှထင်ပေါ်ကျော်ကြားသော မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များအဖြစ် တာဝန်ခံဝန်ကြီးဌာနမှ အမည်စာရင်းတင်သွင်းသည့် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် ၁၅ ဦး၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အမည်စာရင်းတင်သွင်းသည့် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် ၁၅ ဦး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်မှ အမည်စာရင်း တင်သွင်းသည့် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် ၁၅ ဦး၊ စုစုပေါင်း ၄၅ ဦး အနက်မှ ကောင်စီဝင် ၁၅ ဦးကို ရွေးချယ်တာဝန်ပေးအပ်ရမည်။

<ပြင်ဆင် 26.06.2021, 09.10.2023>

**ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း**

၅။ (က) ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ရွေးကောက်တင်မြှောက်ရမည်-

(၁) ကောင်စီဝင်များသည် ဥက္ကဋ္ဌလောင်းအဖြစ် အဆိုပြုထားသည့်သူများအနက် နှစ်သက်ရာကောင်စီဝင် တစ်ဦးဦးကို ဥက္ကဋ္ဌလောင်းအဖြစ် ဆန္ဒပြုလက်မှတ်ရေးထိုးထားသည့်

Myanmar Law Information System (MLIS)

စာဖြင့် နာယကအဖွဲ့ထံ တင်သွင်းနိုင် သည်။ ဥက္ကဋ္ဌတာဝန်ကို မိမိကိုယ်တိုင် ထမ်းဆောင်လိုပါက ဥက္ကဋ္ဌလောင်းအဖြစ် မိမိ၏အမည်စာရင်းကို နာယကအဖွဲ့ထံ စာဖြင့်တင်သွင်းနိုင်သည်။

(၂) နာယကအဖွဲ့သည် ဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းလွှာများကို စိစစ်၍ ဥက္ကဋ္ဌနေရာအတွက် ကိုယ်စားလှယ်လောင်း အမည်စာရင်းကို ထုတ်ပြန်ကြေညာရမည်။

(၃) ကောင်စီဝင်များသည် နာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းထားသူများအနက်မှ မိမိနှစ်သက်သူကို လျှို့ဝှက်ဆန္ဒမဲစနစ်ဖြင့် ဆန္ဒမဲပေးရမည်။

(၄) နာယကအဖွဲ့သည် ကောင်စီ၏ရှေ့မှောက်တွင် ဆန္ဒမဲရေတွက်ပြီး ဆန္ဒမဲအများဆုံးရရှိသည့် ကောင်စီဝင်ကို ဥက္ကဋ္ဌအဖြစ် ကြေညာရမည်။ ဆန္ဒမဲအရေအတွက် တူညီနေလျှင် နယကအဖွဲ့သည် လျှို့ဝှက် ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ခြင်းကို ထပ်မံပြုလုပ်ရမည်။

(၅) ကောင်စီဝင်များသည် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ပြီးသူမှအပ ကျန်ကောင်စီဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် အဆိုပြုထားသည့်သူများအနက် နှစ်သက်ရာကောင်စီဝင် နှစ်ဦးကို ဒုတိယဥက္ကဋ္ဌ လောင်းများအဖြစ် ဆန္ဒပြုလက်မှတ်ရေးထိုးထားသည့် စာဖြင့်နာယကအဖွဲ့ထံ တင်သွင်းနိုင်သည်။ ဒုတိယဥက္ကဋ္ဌတာဝန်ကို မိမိကိုယ်တိုင် ထမ်းဆောင်လိုပါက ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် မိမိ၏ အမည်စာရင်းကို နာယကအဖွဲ့ထံ စာဖြင့် တင်သွင်းနိုင်သည်။

(၆) ဒုတိယဥက္ကဋ္ဌ နှစ်ဦး ရွေးကောက်တင်မြှောက်ရန် ကိုယ်စားလှယ်လောင်း အမည်စာရင်း ထုတ်ပြန်ကြေညာခြင်းနှင့် ဆန္ဒမဲပေးခြင်းတို့ကို နည်းဥပဒေခွဲငယ် (၂) နှင့် (၃) တို့နှင့်အညီ ဆောင်ရွက်ရမည်။

(၇) နာယကအဖွဲ့သည် ကောင်စီ၏ရှေ့မှောက်တွင် ဆန္ဒမဲရေတွက်ပြီး ဆန္ဒမဲအများဆုံးရရှိသည့် ကောင်စီဝင်နှစ်ဦးကို ဒုတိယဥက္ကဋ္ဌများအဖြစ်ကြေညာရမည်။ ဆန္ဒမဲအရေအတွက် တူညီနေလျှင် နာယကအဖွဲ့သည် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ခြင်းကို ထပ်မံပြုလုပ်ရမည်။ ဒုတိယဥက္ကဋ္ဌ နှစ်ဦးအနက် ဆန္ဒမဲအရေအတွက် အများဆုံးရရှိသူကို ဒုတိယဥက္ကဋ္ဌ (၁) အဖြစ်သတ်မှတ်ရမည်။

(၈) အတွင်းရေးမှူး တစ်ဦး၊ တွဲဖက်အတွင်းရေးမှူး နှစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦးနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင် ရှစ်ဦးတို့ကို ရွေးကောက်တင်မြှောက်ရန် ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်း၊ ကိုယ်စားလှယ်လောင်းအမည်စာရင်း ထုတ်ပြန်ကြေညာခြင်း၊ ဆန္ဒမဲပေးခြင်းနှင့် ဆန္ဒမဲရေတွက်ခြင်း၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက်အတွင်းရေးမှူး နှစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ရှစ်ဦးတို့၏ အမည်စာရင်း ထုတ်ပြန်ကြေညာခြင်းတို့ကို နည်းဥပဒေခွဲငယ် (၁)၊ (၂)၊ (၃) နှင့် (၄) နှင့်အညီ ဆောင်ရွက်ရမည်။

Myanmar Law Information System (MLIS)

(ဇ) အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် အမည်စာရင်း တင်သွင်းခံရသူများသည် ရွေးကောက်တင်မြှောက်ပွဲ ကျင်းပသည့်အချိန်တွင် ပျက်ကွက်ခြင်း မရှိစေရ။ ပျက်ကွက်ပါက အလုပ်အမှုဆောင်အဖွဲ့ဝင် အမည်စာရင်းမှ ပယ်ဖျက်ရမည်။

(ခ) ကောင်စီဝင်များသည် နာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကောင်စီဝင်များထဲမှ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူးနှစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦးနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်ရှစ်ဦး၊ စုစုပေါင်း ၁၅ ဦးပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ရမည်။

(ဂ) နာယကအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ ရွေးကောက်တင်မြှောက်ခံရသူများနှင့် နည်းဥပဒေ ၄ အရ ရွေးချယ်တာဝန်ပေးအပ်ခြင်း ခံရသူများ၏ အမည်စာရင်းကို တာဝန်ခံဝန်ကြီးဌာနသို့ ပေးပို့ရမည်။

(ဃ) တာဝန်ခံဝန်ကြီးဌာနသည် နည်းဥပဒေခွဲ(ဂ) အရ နာယကအဖွဲ့က ပေးပို့လာသောအမည်စာရင်းပါ ပုဂ္ဂိုလ်များပါဝင်သည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့ကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းပေးရမည်။

(င) ကောင်စီဝင်တစ်ဦးဦးသည် အလုပ်အမှုဆောင်အဖွဲ့ ရွေးကောက်တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍ ကျေနပ်မှုမရှိလျှင် ခိုင်လုံသော အထောက်အထားဖြင့် ရွေးကောက်ပွဲ ကျင်းပသည့်နေ့မှ ခုနစ်ရက်အတွင်း နာယကအဖွဲ့ထံ စာဖြင့်တိုင်ကြားနိုင်သည်။ နာယကအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

<ပြင်ဆင် 26.06.2021>

**အလုပ်အမှုဆောင်အဖွဲ့နှင့် ကောင်စီဝင်များ ကတိသစ္စာပြုခြင်း**

၆။ အလုပ်အမှုဆောင်အဖွဲ့နှင့် ကောင်စီဝင်များသည် နာယကအဖွဲ့ဝင်အနည်းဆုံး (၃) ဦး ရှေ့မှောက်တွင် အောက်ပါအတိုင်း ကတိသစ္စာပြုရမည်-

(က) ဥပဒေအရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီတွင် ကောင်စီဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသော ကျွန်တော်/ကျွန်မတို့သည် ဤဥပဒေအရ အပ်နှင်းထားသော တာဝန်နှင့်ဝတ္တရား များကို ကျေပွန်စွာထမ်းဆောင်ပါမည်ဟု ကတိသစ္စာပြုပါသည်၊

(ခ) ကျွန်တော်/ကျွန်မတို့သည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသ၍ ကောင်စီ၏ တာဝန်နှင့်ဝတ္တရားများကို အတတ်နိုင်ဆုံး စေ့စေ့စပ်စပ် သဘောရိုးဖြင့် ဆောင်ရွက်ရန် ကတိသစ္စာပြုပါသည်၊

(ဂ) ကျွန်တော်/ကျွန်မတို့သည် ကောင်စီဝင်အဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မိမိတို့၏ ကိုယ်ကျိုးစီးပွားရေးလုပ်ငန်းအတွက် ကောင်စီ၏အမည်နှင့် ကောင်စီဝင်တစ်ဦး၏ လုပ်ပိုင်ခွင့်များကို အလွဲသုံးစား မပြုလုပ်ရန် ကတိသစ္စာပြုပါသည်။

တာဝန်ဝတ္တရားများ ဆက်ခံရယူခြင်း

Myanmar Law Information System (MLIS)

၇။ ပယ်ဖျက်

<ပြင်ဆင် 26.06.2021>

၈။ ပယ်ဖျက်

<ပြင်ဆင် 26.06.2021>

## အခန်း(၃)

## ကောင်စီဝင်များ၏ အရည်အချင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

### ကောင်စီဥက္ကဋ္ဌ၏ အရည်အချင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ကောင်စီဥက္ကဋ္ဌ၏ အရည်အချင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များသည် အောက်ပါအတိုင်းဖြစ်သည်-

**(က) ကောင်စီဥက္ကဋ္ဌ၏ အရည်အချင်း**

(၁) အသက် ၆၀ နှစ်နှင့် အထက်ရှိသော မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်လက်မှတ်ရပြီးသူ မြန်မာနိုင်ငံသား ဝါရင့်အင်ဂျင်နီယာဖြစ်ရမည်၊

(၂) မိမိ၏ပညာရပ်နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၃၅ နှစ် ရှိသူဖြစ်ရမည်၊

(၃) အင်ဂျင်နီယာပညာရှင် ကျင့်ဝတ်၊ သိက္ခာ၊ သမာဓိနှင့် ပြည့်စုံသူဖြစ်ရမည်၊

(၄) မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရပ် တိုးတက်ထွန်းကားရေးအတွက် တစိုက်မတ်မတ်ကြိုးပမ်းအား ထုတ်ခဲ့၍ မြန်မာနိုင်ငံ အင်ဂျင်နီယာလောကက ကြည်ညိုလေးစားသူဖြစ်ရမည်၊

(၅) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရှိသေသူ ဖြစ်ရမည်၊

(၆) ကောင်စီ၏ ရည်မှန်းချက်တာဝန်များ အောင်မြင်ပေါက်မြောက်အောင် အကောင်အထည်ဖော်ရာတွင် ဦးဆောင်နိုင်သူ ဖြစ်ရမည်၊

(၇) ဥပဒေကြောင်းအရ ပြစ်မှုထင်ရှားစီရင်ခြင်း မခံရသူ ဖြစ်ရမည်၊

(၈) မိမိအသက်မွေးဝမ်းကျောင်းပညာရပ်နှင့် ပတ်သက်သော လုပ်ငန်းများဆောင်ရွက်ရာတွင် ပညာရှင် ကျင့်ဝတ်၊ သိက္ခာပျက်ယွင်းမှုမရှိသူ ဖြစ်ရမည်၊

(၉) သက်တမ်းရှိ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် ကိုင်ဆောင်ထားသူဖြစ်ရမည်။

(၁၀) တာဝန်ခံဝန်ကြီးဌာနမှ အခါအားလျော်စွာ သတ်မှတ်သည့် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်ရမည်။

**(ခ) ကောင်စီဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

(၁) ဥပဒေ၊ နည်းဥပဒေတွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို အသုံးပြု၍ အင်ဂျင်နီယာကောင်စီ၏ ရည်ရွယ်ချက်များကို အောင်မြင်ပေါက်မြောက်အောင် ဆောင်ရွက်ရမည်၊

Myanmar Law Information System (MLIS)

(၂) မှတ်ပုံတင်လက်မှတ်နှင့် မှတ်ပုံတင်အင်ဂျင်နီယာ လက်မှတ်များကို လက်မှတ်ရေးထိုး၍ ထုတ်ပေး ရမည်၊

(၃) ကောင်စီအစည်းအဝေးများနှင့် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများတွင် သဘာပတိအဖြစ် တာဝန်ယူ၍ အစည်းအဝေးများ တရားနည်းလမ်းတကျဖြစ်စေရန် ကြပ်မတ်ပေးရမည်၊

(၄) ကောင်စီဥက္ကဋ္ဌသည် ကောင်စီ၏ရန်ပုံငွေများကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း ညွှန်ကြား ချက်များနှင့်အညီ စီမံခန့်ခွဲရမည်၊

(၅) ကောင်စီဥက္ကဋ္ဌသည် ရန်ပုံငွေများကို ကောင်စီက သတ်မှတ်ထားသည့် ပမာဏအတိုင်း သုံးစွဲခွင့် ရှိသည်။

<ပြင်ဆင် 26.06.2021, 09.10.2023>

**ကောင်စီဒုတိယဥက္ကဋ္ဌများ၏အရည်အချင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၀။ ကောင်စီဒုတိယဥက္ကဋ္ဌများ၏ အရည်အချင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များသည် အောက်ပါအတိုင်း ဖြစ်သည်-

**(က) ကောင်စီဒုတိယဥက္ကဋ္ဌ၏ အရည်အချင်းများ**

(၁) အကြောင်းအမျိုးမျိုးကြောင့် ကောင်စီဥက္ကဋ္ဌနေရာလစ်လပ်ပါက ကောင်စီဥက္ကဋ္ဌတာဝန်ယူနိုင်ရန် ကောင်စီဥက္ကဋ္ဌတွင်ရှိရမည့် အရည်အချင်းများပြည့်စုံရမည်၊

(၂) ကောင်စီဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် ကောင်စီဥက္ကဋ္ဌကိုယ်စား တာဝန်ယူဆောင်ရွက်နိုင်သူ ဖြစ်ရ မည်။

**(ခ) ကောင်စီဒုတိယဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

(၁) ကောင်စီဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် ကောင်စီဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကိုယ်စား တာဝန်ယူဆောင်ရွက်ရမည်၊

(၂) ကောင်စီ၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ကောင်စီဥက္ကဋ္ဌအား အကြံဉာဏ်ပေးခြင်း၊ အကူ အညီပေးခြင်း ပြုရမည်။

**ကောင်စီအတွင်းရေးမှူး၏ အရည်အချင်းနှင့် တာဝန်များ**

၁၁။ ကောင်စီအတွင်းရေးမှူး၏ အရည်အချင်းနှင့်တာဝန်များသည် အောက်ပါအတိုင်းဖြစ်သည်-

**(က) ကောင်စီအတွင်းရေးမှူး၏ အရည်အချင်းများ**

(၁) အသက် ၅၅ နှစ်နှင့်အထက်ရှိသော မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်လက်မှတ်ရပြီးသူ မြန်မာနိုင်ငံ သား ဝါရင့်အင်ဂျင်နီယာဖြစ်ရမည်၊

(၂) မိမိပညာရပ်နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၃၀ နှစ် ရှိသူဖြစ်ရမည်၊



Myanmar Law Information System (MLIS)

(၃) အသက်နှင့်လုပ်ငန်းအတွေ့အကြုံ ကန့်သတ်ချက်မှအပ နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (က)တွင် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

**(ခ) ကောင်စီအတွင်းရေးမှူး၏ တာဝန်များ**

(၁) ကောင်စီ၏ အတွင်းရေးမှူးသည် အလုပ်အမှုဆောင်ကော်မတီ၏ အစည်းအဝေးများ တရားနည်းလမ်းတကျ ဖြစ်ရေးအတွက် စီမံရမည်၊

(၂) လုပ်ငန်းကော်မတီအသီးသီးမှ တင်ပြချက်များကို အလုပ်အမှုဆောင်ကော်မတီတွင် အတည်ပြုချက် ရယူပေးရမည်၊

(၃) အတွင်းရေးမှူးသည် မှတ်ပုံတင်အရာရှိချုပ်နှင့် ရုံးအဖွဲ့များကို ကြီးကြပ်စီမံခန့်ခွဲရမည်၊

(၄) ကောင်စီ၏အမိန့်နှင့် ညွှန်ကြားချက်များကို ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လက်မှတ်ရေးထိုး ထုတ်ပြန်ရမည်၊

(၅) လုပ်ငန်းကော်မတီအသီးသီး၏ ရန်ပုံငွေလိုအပ်ချက်များကိုစုစည်း၍ ဘဏ္ဍာရေးမှူးနှင့် ညှိနှိုင်းပြီး ဥက္ကဋ္ဌထံ တင်ပြရမည်။

**ကောင်စီတွဲဖက်အတွင်းရေးမှူးများ၏ အရည်အချင်းနှင့်တာဝန်များ**

၁၂။ ကောင်စီတွဲဖက်အတွင်းရေးမှူးများ၏ အရည်အချင်းနှင့်တာဝန်များသည် အောက်ပါအတိုင်း ဖြစ်သည်-

**(က) ကောင်စီတွဲဖက်အတွင်းရေးမှူး၏ အရည်အချင်းများ**

(၁) အသက် ၄၅ နှစ်နှင့်အထက်ရှိသော မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် လက်မှတ်ရပြီးသူ မြန်မာနိုင်ငံ သား ဝါရင့်အင်ဂျင်နီယာ ဖြစ်ရမည်၊

(၂) မိမိပညာရပ်နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂၅) နှစ် ရှိသူဖြစ်ရမည်၊

(၃) အသက်နှင့်လုပ်ငန်းအတွေ့အကြုံ ကန့်သတ်ချက်မှအပ နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (က)တွင် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

**(ခ) ကောင်စီတွဲဖက်အတွင်းရေးမှူး၏ တာဝန်များ**

အတွင်းရေးမှူး၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ အကြံဉာဏ်ပေးခြင်း၊ အကူအညီပေးခြင်း ပြုရမည်။

<ပြင်ဆင် 26.06.2021>

**ကောင်စီဘဏ္ဍာရေးမှူး၏ အရည်အချင်းနှင့်တာဝန်များ**

၁၃။ ကောင်စီဘဏ္ဍာရေးမှူး၏ အရည်အချင်းနှင့်တာဝန်များသည် အောက်ပါအတိုင်းဖြစ်သည်-

**(က) ကောင်စီဘဏ္ဍာရေးမှူး၏ အရည်အချင်းများ**

(၁) အသက် ၅၅ နှစ်နှင့် အထက်ရှိသော မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်ရပြီးသူ မြန်မာနိုင်ငံ သား ဝါရင့်အင်ဂျင်နီယာ ဖြစ်ရမည်၊



Myanmar Law Information System (MLIS)

(၂) မိမိပညာရပ်နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၃၀ နှစ်ရှိသူဖြစ်ရမည်၊

(၃) အသက်နှင့်လုပ်ငန်းအတွေ့အကြုံ ကန့်သတ်ချက်မှအပ နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (က) တွင် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

**(ခ) ကောင်စီဘဏ္ဍာရေးမှူး၏ တာဝန်များ**

(၁) အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးတိုင်းတွင် ဘဏ္ဍာငွေရရှိမှု၊ သုံးစွဲမှု၊ လက်ကျန်ငွေနှင့် သုံးစွဲရန် လျာထားချက်များကို တင်ပြရမည်၊

(၂) ကောင်စီ၏ ဘဏ္ဍာရေးကိစ္စအဝဝကို တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ တိကျမှန်ကန်စွာ ဆောင်ရွက်ရေးအတွက် ကြပ်မတ်ပေးရမည်၊

(၃) ဘဏ္ဍာရေးဆိုင်ရာ စာရင်းအင်းများ၊ လယ်ဂျာများ တိကျမှန်ကန်စွာ ရေးသွင်းထိန်းသိမ်းမှုကို ကြီးကြပ်စိစစ်ရမည်၊

(၄) ရငွေများအား ဘဏ်သို့ အချိန်မီပေးသွင်းရေးနှင့် ဘဏ်ငွေသွင်းငွေထုတ်လုပ်ငန်းများ စနစ်တကျ ရှိရေးအတွက် ကြပ်မတ်ဆောင်ရွက်ရမည်။

**အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အရည်အချင်းနှင့်တာဝန်များ**

၁၄။ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အရည်အချင်းနှင့် တာဝန်များသည် အောက်ပါအတိုင်းဖြစ်သည်-

**(က) အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အရည်အချင်း**

အကြောင်းအမျိုးမျိုးကြောင့် တွဲဖက်အတွင်းရေးမှူးနေရာ လစ်လပ်ပါက တွဲဖက်အတွင်းရေးမှူး တာဝန်ယူနိုင်ရန် တွဲဖက်အတွင်းရေးမှူးတွင် ရှိရမည့်အရည်အချင်းများ ပြည့်စုံရမည်။

**(ခ) အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ တာဝန်များ**

အလုပ်အမှုဆောင်အဖွဲ့ဝင်တိုင်းသည် အလုပ်အမှုဆောင်အဖွဲ့က ဖွဲ့စည်းသော လုပ်ငန်းကော်မတီတစ်ရပ် တွင် အလုပ်အမှုဆောင်အဖွဲ့၏ ရွေးချယ်သဘောတူညီချက်ဖြင့် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရမည်။

**ကောင်စီဝင်များ၏ အရည်အချင်းနှင့် တာဝန်များ**

၁၅။ ကောင်စီဝင်များ၏အရည်အချင်းနှင့်တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**(က) ကောင်စီဝင်များ၏ အရည်အချင်း**

(၁) အသက် ၄၅ နှစ်နှင့်အထက်ရှိသော မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်ရပြီးသူ မြန်မာနိုင်ငံ သား ဝါရင့်အင်ဂျင်နီယာ ဖြစ်ရမည်၊

(၂) မြန်မာနိုင်ငံ ဗိသုကာအသင်းမှ ကောင်စီဝင်ကိုယ်စားလှယ်သည် ဗိသုကာပညာရှင်အဆင့် ရရှိထားသူ ဖြစ်ရမည်၊

(၃) မိမိပညာရပ်နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၂၀ နှစ်ရှိသူဖြစ်ရမည်၊

Myanmar Law Information System (MLIS)

(၄) အသက်နှင့်လုပ်ငန်းအတွေ့အကြုံ ကန့်သတ်ချက်မှအပ နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (က)တွင် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

**(ခ) ကောင်စီဝင်များ၏ တာဝန်များ**

ကောင်စီဝင်တိုင်းသည် အလုပ်အမှုဆောင်အဖွဲ့က ဖွဲ့စည်းသော လုပ်ငန်းကော်မတီတစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသော လုပ်ငန်းကော်မတီများတွင် အလုပ်အမှုဆောင်အဖွဲ့၏ ရွေးချယ်သဘောတူညီချက် ဖြင့် အဖွဲ့ဝင်တာဝန်ထမ်းဆောင်ရမည်။

**အစားထိုးရွေးချယ်သတ်မှတ်တာဝန်ပေးခြင်းနှင့် ရွေးကောက်တင်မြှောက်ခြင်း**

၁၆။ နာယကအဖွဲ့သည် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများ၊ ဘဏ္ဍာရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအနက် တစ်နေရာရာ လစ်လပ်ပါက နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ (က) နှင့်အညီ ရက်ပေါင်း ၃၀ အတွင်း ရွေးကောက်တင်မြှောက် တာဝန်ပေးအပ်ရမည်။

<ပြင်ဆင် 26.06.2021>

၁၇။ ပယ်ဖျက်

<ပြင်ဆင် 26.06.2021>

## အခန်း(၄)

## လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်း

**လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်း**

၁၈။ ကောင်စီသည် မိမိ၏လုပ်ငန်းတာဝန်များထမ်းဆောင်နိုင်ရန်အတွက် အောက်ပါလုပ်ငန်းကော်မတီ များ ဖွဲ့စည်းရန် အလုပ်အမှုဆောင်အဖွဲ့အား တာဝန်ပေးအပ်နိုင်သည်-

(က) မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီ၊

(ခ) အင်ဂျင်နီယာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေး စိစစ် အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ၊

(ဂ) ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊

(ဃ) စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊

(င) စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံစံနှုန်းများနှင့် အင်ဂျင်နီယာဆိုင်ရာ ကျင့်ထုံးများ ပြုစုရေးလုပ်ငန်း ကော်မတီ၊

(စ) အင်ဂျင်နီယာပညာ စဉ်ဆက်မပြတ်သင်ကြားရေး လုပ်ငန်းကော်မတီ၊

(ဆ) အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား စိစစ်အသိအမှတ်ပြုရေး လုပ်ငန်း ကော်မတီ၊

(ဇ) အပြည်ပြည်ဆိုင်ရာနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းကော်မတီ။

(ဈ) လိုအပ်ချက်အရ ဖွဲ့စည်းသင့်သည့် အခြားလုပ်ငန်းကော်မတီများ။

<ပြင်ဆင် 26.06.2021>

Myanmar Law Information System (MLIS)

၁၉။ **မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီ။** အလုပ်အမှုဆောင်အဖွဲ့သည် မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်းကော်မတီကို အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၅ ဦးထက်မပိုသော ကောင်စီဝင်များအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးလျက် ဖွဲ့စည်းရမည်-

**(က) လုပ်ငန်းကော်မတီ၏ တာဝန်များ**

(၁) လုပ်ငန်းကော်မတီသည် အောက်ပါမှတ်ပုံတင်လက်မှတ်များကို အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူ ညီချက်ဖြင့် ထုတ်ပေးနိုင်သည်-

(ကက) အလုပ်သင်နည်းပညာ ကျွမ်းကျင်သူလက်မှတ်

(ခခ) အလုပ်သင်ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူလက်မှတ်

(ဂဂ) အလုပ်သင်အင်ဂျင်နီယာလက်မှတ်

(ဃဃ) မှတ်ပုံတင်နည်းပညာ ကျွမ်းကျင်သူလက်မှတ်

(ငင) မှတ်ပုံတင်ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူလက်မှတ်

(စစ) မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်

(ဆဆ) မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်

(ဇဇ) မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်

(ဈဈ) မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ်

(ညည) မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင်လက်မှတ်

(၂) လုပ်ငန်းကော်မတီသည် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရေးအတွက် အောက်ပါလုပ်ငန်း တာဝန်များ ဆောင်ရွက်ရမည်-

(ကက) ဖွံ့ဖြိုးရေးအစီအမံသင်တန်းအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက် ခြင်း၊

(ခခ) ဆန်းစစ်ချက် ရေးဖြေစာမေးပွဲ ကျင်းပစစ်ဆေးခြင်း၊

(ဂဂ) အတွေ့အကြုံနှင့် အရည်အသွေးပြည့်ဝမှု အစီရင်ခံစာများ စိစစ်ခြင်း၊

(ဃဃ) လူတွေ့စစ်ဆေးမှုပြုလုပ်ခြင်း။

(၃) မှတ်ပုံတင်လက်မှတ်လျှောက်ထားသူသည် သတ်မှတ်ထားသော အရည်အသွေးမပြည့်မီဟုလည်း ကောင်း၊ လိုအပ်ချက်များကို မဖြည့်ဆည်းနိုင်ဟုလည်းကောင်း လုပ်ငန်းကော်မတီက ယူဆရန်အ ကြောင်းခိုင်လုံလျှင် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ဆိုင်းငံ့ခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်းပြုလုပ်ရန် အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြနိုင်သည်။

(၄) လုပ်ငန်းကော်မတီသည် အောက်ပါအကြောင်းအချက်တစ်ရပ်ရပ်ကြောင့် ထုတ်ပေးထားသော မှတ်ပုံ တင်လက်မှတ်ကို ပယ်ဖျက်ခြင်းပြုရန် အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြနိုင်သည်-

Myanmar Law Information System (MLIS)

(ကက) မှတ်ပုံတင်လက်မှတ်ရရှိရေးအတွက် ဘွဲ့၊ ဒီပလိုမာ လက်မှတ်အတုများ တင်ပြခဲ့ကြောင်း စိစစ် တွေ့ရှိရခြင်း၊

(ခခ) ကောင်စီက ထိုသူအား ဆက်သွယ်၍ မရခြင်း၊

(ဂဂ) တစ်ဆက်တစ်စပ်တည်း ၅ နှစ်နှင့်အထက် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုး လျှောက်ထားရန် ပျက်ကွက်ခြင်း၊

(ဃဃ) ကွယ်လွန်ခြင်း။

(၅) လုပ်ငန်းကော်မတီသည် မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခံရသူက မှတ်ပုံတင်ပယ်ဖျက်ခံရပြီးနောက် ၃ နှစ်နှင့်အထက် ကျော်လွန်သောကာလတွင် မှတ်ပုံတင်အသစ် ပြန်လည်လျှောက်ထားလာပါက ကောင်စီ ကခွင့်ပြုလျှင် မှတ်ပုံတင်ခြင်းလုပ်ငန်းအဆင့်ဆင့်ကို အစမှ ပြန်လည်စတင်ဆောင်ရွက်ရေး ခွင့်ပြုပေးနိုင် သည်။

(၆) လုပ်ငန်းကော်မတီသည် အခြေအနေအချိန်ကာလအားလျော်စွာ လိုအပ်သော စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ကောင်စီသို့ တင်ပြနိုင်သည်။

(၇) လုပ်ငန်းကော်မတီသည် ကောင်စီက အသိအမှတ်ပြုထားသည့် ပြည်တွင်းပြည်ပရှိ တက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံများမှ အင်ဂျင်နီယာနှင့်နည်းပညာဆိုင်ရာဘွဲ့နှင့် ဒီပလိုမာရရှိထားခြင်းမရှိသော်လည်း နိုင်ငံတကာနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း သို့မဟုတ် အစိုးရဌာနများက တရားဝင်အသိအမှတ်ပြုထုတ်ပေးထားသော အင်ဂျင်နီယာနှင့်နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ်ရရှိထားသူများအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သက်ဆိုင်ရာကျွမ်းကျင်မှု အဆင့်အလိုက် မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေးကို ကောင်စီထံ တင်ပြရမည်။

**(ခ) လုပ်နည်းများ**

မှတ်ပုံတင်လက်မှတ်များ စိစစ်ရေးလုပ်ငန်းကော်မတီသည် မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးနိုင်ရန် အတွက် နည်းဥပဒေအခန်း ၈ တွင် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

<ပြင်ဆင် 26.06.2021, 09.10.2023>

၂၀။ **အင်ဂျင်နီယာအထူးပြု ပညာရပ်ဆိုင်ရာ အရည်အသွေး စိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ။**

အလုပ်အမှုဆောင်အဖွဲ့သည် ဤလုပ်ငန်းကော်မတီကို အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးအား ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ၁၅ဦးထက်မပိုသော ကောင်စီဝင်များအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း သတ် မှတ်တာဝန်ပေးလျက် ဖွဲ့စည်းရမည်-



Myanmar Law Information System (MLIS)

**(က) လုပ်ငန်းကော်မတီ၏ တာဝန်များ**

(၁) ကောင်စီက အသိအမှတ်ပြုသော အင်ဂျင်နီယာဘွဲ့၊ နည်းပညာဘွဲ့ နှင့် နည်းပညာဒီပလိုမာများကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(၂) ကောင်စီက အသိအမှတ်ပြုထားသော ဘွဲ့၊ ဒီပလိုမာရသူများ လျှောက်ထားရန် လိုအပ်သော လုပ်ငန်း ဆိုင်ရာ အရည်အချင်းများကို သတ်မှတ်ခြင်း။

(၃) ကောင်စီတွင် မှတ်ပုံတင်လက်မှတ် လျှောက်ထားသူများအား အင်ဂျင်နီယာပညာရပ်ဆိုင်ရာနှင့် နည်းပညာဆိုင်ရာ စစ်ဆေးခြင်းလုပ်ငန်းစဉ်ကို နိုင်ငံတကာတွင် အသုံးပြုနေသော စံနှုန်းသတ်မှတ်ချက် များနှင့်အညီ ဆောင်ရွက်ပေးခြင်း။

(၄) ကောင်စီက အသိအမှတ်ပြုထားသော မှတ်ပုံတင်အင်ဂျင်နီယာ၊ မှတ်ပုံတင်ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူများကို မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်အဆင့် အရည်အချင်းပြည့်ဝစေရန် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ နည်းပညာတက္ကသိုလ်များ၌ အချိန်ပိုင်း သင်တန်းများ တက်ရောက်နိုင်ရေးအတွက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

**(ခ) လုပ်နည်းများ**

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အင်ဂျင်နီယာ အထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေးစိစစ် အသိ အမှတ်ပြုရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲရမည်-

(၁) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ အင်ဂျင်နီယာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေး စိစစ်အသိအမှတ်ပြုရေးနှင့်စပ်လျဉ်း၍ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများအား မူကြမ်းရေးဆွဲပြီး အတည် ပြုရေးအတွက် ကောင်စီသို့တင်ပြရန်၊

(၂) ပညာရပ်ဆိုင်ရာ အရည်အသွေးစိစစ်အသိအမှတ်ပြုရေး လက်စွဲပြုစုရေးဆွဲခြင်းနှင့် စိစစ်ရေးအစီ အစဉ်များကို အသေးစိတ်ရေးဆွဲရန်၊

(၃) အရည်အသွေးစိစစ် အသိအမှတ်ပြုရေးအစီအစဉ်နှင့် အတည်ပြုချက်ရယူရေး လုပ်ဆောင်ရန် အတွက် ဖြစ်ပေါ်လာသော ကုန်ကျစရိတ်များအားလုံးကို သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ အဖွဲ့အစည်းများကို တောင်းခံနိုင်ရန်အတွက် အရည်အသွေးစိစစ်ကြေး သတ်မှတ်ချက်ထုတ်ပြန်ပေးရန်၊ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ လုပ်ငန်းများအား အသိအမှတ်ပြုရေးအတွက် အကဲဖြတ်အဖွဲ့များ ဖွဲ့စည်း တာဝန်ပေးအပ်ရန်၊

(၄) အကဲဖြတ်အဖွဲ့များ၏ အကဲဖြတ်မှုမှတ်တမ်းနှင့် အစီရင်ခံစာများကို လက်ခံရရှိပြီး တွေ့ရှိချက်များ၊ စစ်ဆေးသုံးသပ်ချက်များကို အခြေခံ၍ အင်ဂျင်နီယာပညာရပ်ဆိုင်ရာလုပ်ငန်းနှင့် အစီအစဉ်အား အသိအမှတ်ပြုနိုင်ရေးအတွက်

ဆုံးဖြတ်ရန်နှင့် အကယ်၍ လိုအပ်ချက်များရှိပါကလည်း ဆက်လက် ဆောင်ရွက်နိုင်ရေးအတွက် အကြောင်းကြားပေးရန်နှင့် အသိအမှတ်ပြုကာလအား သတ်မှတ်ပေးရန်၊

(၅) အင်ဂျင်နီယာပညာရပ်ဆိုင်ရာလုပ်ငန်း အစီအစဉ်များအပေါ် အသိအမှတ်ပြုရေးကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းမှုမရှိခြင်း၊ ဆောင်ရွက်ချက်အပေါ် ကျေနပ်မှုမရှိခြင်းနှင့် ပတ်သက်၍ တင်ပြချက်များရှိပါက လက်ခံရရှိပြီး ဖြေရှင်းပေးရန်၊

(၆) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအား ကိုယ်စားပြု၍ အခြားနိုင်ငံများနှင့် အင်ဂျင်နီယာပညာရပ် ဆိုင်ရာ သဘောတူညီချက်များတွင် ပါဝင်ဆောင်ရွက်နိုင်ရန်၊

(၇) အင်ဂျင်နီယာပညာရပ်ဆိုင်ရာနှင့် ပတ်သက်၍ အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် လိုအပ်သော လုပ်ဆောင်သင့်သည့် လုပ်ငန်းများကို ကောင်စီသို့ လေ့လာတင်ပြရန်၊

(၈) မှတ်ပုံတင်စိစစ်ရေးလုပ်ငန်းကော်မတီမှ ပေးပို့လာမည့် နိုင်ငံခြားသားအင်ဂျင်နီယာများအတွက် ၎င်း တို့ တက်ရောက်ခဲ့သည့် တက္ကသိုလ်၊ ကောလိပ်များ၏ အဆင့်အတန်းနှင့် အရည်အသွေးအား စိစစ်ပြန် ကြားပေးရန်၊

(၉) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသို့ ကော်မတီ၏လုပ်ဆောင်ချက်များကို အခါအားလျော်စွာ တင်ပြ သွားရန်၊

(၁၀) လုပ်ငန်းကော်မတီသည် အခြေအနေအချိန်ကာလ အားလျော်စွာ လိုအပ်သော စဉ်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ကောင်စီသို့တင်ပြနိုင်သည်။ <ပြင်ဆင် 26.06.2021, 09.10.2023>

၂၁။ **ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေးလုပ်ငန်းကော်မတီ။** အလုပ်အမှုဆောင်အဖွဲ့သည် ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းရေးလုပ်ငန်းကော်မတီကို အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၅ ဦးထက်မပိုသော ကောင်စီဝင်များအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးလျက် ဖွဲ့စည်းရမည်-

**(က) လုပ်ငန်းကော်မတီ၏တာဝန်များ**

(၁) မှတ်ပုံတင်အင်ဂျင်နီယာ၊ မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများ၊ ခံယူချက်၊ ကတိခံဝန်ချက်များ၊ လိုက်နာကျင့်သုံးရမည့် ကျင့်ထုံးစည်းမျဉ်းများ၊ အတတ်ပညာဆိုင်ရာ တာဝန်နှင့်ဝတ္တရားများကို သတ်မှတ်ရန်၊

(၂) ကျင့်ဝတ်သိက္ခာစောင့်ထိန်းရေး အသိစိတ်ဓာတ် မှတ်ပုံတင်အင်ဂျင်နီယာ၊ မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူနှင့် မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူများအတွင်း ပြန့်ပွားရေးကို ဆောင် ရွက်ရန်၊

(၃) မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီ၊ အင်ဂျင်နီယာပညာ စဉ်ဆက်မပြတ် သင်ကြားရေးလုပ်ငန်းကော်မတီတို့နှင့်ညှိနှိုင်း၍ ကျင့်ဝတ်သိက္ခာများကို မှတ်ပုံတင်အင်ဂျင်နီယာ၊ မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူနှင့် မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူများ လိုက်နာမှုရှိ မရှိ စစ်ဆေးကြပ်မတ်ရန်၊

(၄) စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီနှင့် ညှိနှိုင်း၍ ကျင့်ဝတ်သိက္ခာဖောက်ဖျက်ကျူးလွန်သော မှတ်ပုံတင်အင်ဂျင်နီယာ၊ မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူနှင့် မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူများကို အရေးယူဆောင်ရွက်ရန်။

**(ခ) လုပ်နည်းများ**

(၁) လုပ်ငန်းကော်မတီက ရေးဆွဲထားသော ကျင့်ဝတ်သိက္ခာများကို ကောင်စီ၏ အတည်ပြုချက်ရယူရန်၊

(၂) ကျင့်ဝတ်သိက္ခာများကို စောင့်ထိန်းရေးအတွက် မှတ်ပုံတင်အင်ဂျင်နီယာ၊ မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူနှင့် မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူများအတွင်း ကျယ်ပြန့်စွာ သိရှိလိုက်နာ နိုင်ရန် လက်ကမ်းစာစောင်များ၊ ဟောပြောပို့ချပွဲများ၊ သင်တန်းများ၊ အီးမေးလ်များ၊ ဝက်ဘ်ဆိုက်များ စသည်ဖြင့် နည်းမျိုးစုံဖြင့် ဆောင်ရွက်ရန်၊

(၃) မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်းကော်မတီ၊ အင်ဂျင်နီယာပညာ စဉ်ဆက်မပြတ် သင်ကြားရေး လုပ်ငန်းကော်မတီတို့နှင့် ညှိနှိုင်း၍ ကျင့်ဝတ်သိက္ခာများကို လူတွေ့စစ်ဆေးခြင်းနှင့် ရေးဖြေစစ်ဆေးခြင်း များတွင် ဘာသာရပ်တစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်ရန်၊

(၄) ကျင့်ဝတ်သိက္ခာများကို ဖောက်ဖျက်ကျူးလွန်သည်ဟု ကျော်စောသတင်းထွက်ရှိလျှင် အဆိုပါ မှတ်ပုံတင်အင်ဂျင်နီယာအား စုံစမ်းစစ်ဆေးမေးမြန်းရန်အတွက် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်း ကော်မတီနှင့် ညှိနှိုင်း၍ အောက်ပါအတိုင်း အရေးယူဆောင်ရွက်ရန်-

(ကက) အဆိုပါမှတ်ပုံတင်အင်ဂျင်နီယာအား စုံစမ်းစစ်ဆေးမေးမြန်းရန်အတွက် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်း ကော်မတီနှင့် ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေးလုပ်ငန်းကော်မတီဝင်များ ပါဝင်သောအဖွဲ့ကို ဖွဲ့စည်းရ မည်၊

(ခခ) အဆိုပါမှတ်ပုံတင်အင်ဂျင်နီယာသည် ကျင့်ဝတ်သိက္ခာများတွင် ပါဝင်သည့်မည်သည့် အချက်(များ)ကို ဖောက် ဖျက်ကျူးလွန်ကြောင်း သုံးသပ်ရမည်၊

(ဂဂ) အဖွဲ့သည် အဆိုပါမှတ်ပုံတင်အင်ဂျင်နီယာထံသို့ မည်သည့်ကျင့်ဝတ်သိက္ခာ (များ)ကို ဖောက်ဖျက်ကျူးလွန် ကြောင်း အဖွဲ့၏ သုံးသပ်ချက်များကို ဖော်ပြရေးသားပြီး မှန်/မမှန် ပြန်လည်တင်ပြရန် ရက်သတ်မှတ်၍ ပေးပို့ရမည်၊



Myanmar Law Information System (MLIS)

(ဃဃ) အဖွဲ့သည် အဆိုပါမှတ်ပုံတင်အင်ဂျင်နီယာထံသို့ စာဖြင့်ရေးသားမေးမြန်းနေစဉ် အမှုနှင့် ပတ်သက်သော အခြားသက်သေခံများ၊ သက်သေခံပစ္စည်းများ၊ အထောက်အထားများကို ရရှိနိုင်သမျှ၊ တတ်နိုင်သမျှ စုံစမ်းစစ်ဆေးမေးမြန်းရမည်၊

(ငင) အဆိုပါမှတ်ပုံတင်အင်ဂျင်နီယာ၏ ဖြေရှင်းချက်နှင့် အဖွဲ့၏ စုံစမ်းစစ်ဆေးမေးမြန်းချက်များအပေါ် စိစစ်၍ အဆိုပါအင်ဂျင်နီယာသည် ကျင့်ဝတ်သိက္ခာ(များ)ကို ဖောက်ဖျက်ကျူးလွန်ခြင်း ရှိ/မရှိ သုံးသပ်ရမည်၊

(စစ) အဖွဲ့၏သုံးသပ်ချက်ကို အနီးဆုံး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးသို့တင်ပြ၍ ဆုံးဖြတ်ချက်ရယူရမည်။

<ပြင်ဆင် 26.06.2021, 09.10.2023>

၂၂။ **စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ။** အလုပ်အမှုဆောင်အဖွဲ့သည် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီကို အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၅ဦးထက်မပို သော ကောင်စီဝင်များအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးလျက် ဖွဲ့စည်းရမည်-

**(က) လုပ်ငန်းကော်မတီ၏ တာဝန်များ**

(၁) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတွင် မှတ်ပုံတင်ထားသည့် မှတ်ပုံတင်လက်မှတ်ကိုင်ဆောင်ထားသော ပြည်တွင်းပြည်ပပုဂ္ဂိုလ်များ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများနှင့် စည်းမျဉ်းစည်းကမ်းများကိုလိုက်နာစောင့်ထိန်းစေရန်ကြပ်မတ်ခြင်း၊ လိုက်နာစောင့်ထိန်းရန်ပျက်ကွက်သည်ဟုတိုင်ကြားလျှင် သို့မဟုတ် အခြားနည်းလမ်းဖြင့်သိရှိလျှင် အလုပ်အမှုဆောင်အဖွဲ့သို့တင်ပြ၍ စုံစမ်းစစ်ဆေးခြင်းနှင့် လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(၂) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက စိစစ်အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ပြည်တွင်းပြည်ပကုမ္ပဏီအဖွဲ့အစည်းများအား ကျင့်ဝတ်သိက္ခာများ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာ စောင့်ထိန်းစေရန် ကြပ်မတ်ခြင်း၊ လိုက်နာစောင့်ထိန်းရန် ပျက်ကွက်သည်ဟု တိုင်ကြားလျှင် သို့မဟုတ် အခြားနည်းလမ်းဖြင့်သိရှိလျှင် အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြ၍ စုံစမ်းစစ်ဆေးခြင်းနှင့် လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း။

**(ခ) လုပ်နည်းများ**

စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီသည် စည်းကမ်းထိန်းသိမ်းရေးအတွက် နည်းဥပဒေအခန်း ၁၀ တွင် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

Myanmar Law Information System (MLIS)

<ပြင်ဆင် 09.10.2023>

၂၃။ စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံစံနှုန်းများနှင့် အင်ဂျင်နီယာဆိုင်ရာ ကျင့်ထုံးများပြုစုရေး လုပ်ငန်းကော်မတီ။ အလုပ်အမှုဆောင်အဖွဲ့သည် ဤလုပ်ငန်းကော်မတီကို အလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၅ဦးထက်မပိုသော ကောင်စီဝင်များအား အဖွဲ့ဝင်များအဖြစ် လည်းကောင်း သတ်မှတ်တာဝန်ပေးလျက် ဖွဲ့စည်းရမည်-

**(က) လုပ်ငန်းကော်မတီ၏ တာဝန်များ**

(၁) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများ၏ အရည်အသွေး၊ အဆင့်အတန်း ထိန်းသိမ်း မြှင့်တင်နိုင်ရန်အတွက် မြန်မာ့စံချိန်စံညွှန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးနှင့် ပူးပေါင်းပြုစု ခြင်း၊

(၂) အင်ဂျင်နီယာပညာနှင့် နည်းပညာလုပ်ငန်းများ၏ အရည်အသွေး၊ အဆင့်အတန်း ထိန်းသိမ်း မြှင့်တင်နိုင်ရန်အတွက် လုပ်ငန်းအခြေခံစံနှုန်းများကို သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးနှင့် ပူးပေါင်းပြု စုခြင်း၊

(၃) သက်ဆိုင်ရာအထူးပြု ဘာသာရပ်အလိုက် အင်ဂျင်နီယာဆိုင်ရာ ကျင့်ထုံးများပြုစုနိုင်ရေးအတွက် အထူးပြုဘာသာရပ်အလိုက် အဖွဲ့များဖွဲ့၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၄) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများ၏ အရည်အသွေး၊ အဆင့်အတန်းထိန်း သိမ်း မြှင့်တင်နိုင်ရန်အတွက် လိုအပ်သောလုပ်ထုံးလုပ်နည်းများအား ထုတ်ပြန်နိုင်ရန် ကောင်စီသို့တင်ပြခြင်း။

**(ခ) လုပ်နည်းများ**

(၁) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများ၏ စံချိန်စံညွှန်းများအတွက် မြန်မာနိုင်ငံ စံချိန်စံညွှန်း၊ အာဆီယံစံချိန်စံညွှန်းများနှင့် နိုင်ငံတကာစံချိန်စံညွှန်းများကို ကိုးကားရန်၊

(၂) သက်ဆိုင်ရာအထူးပြုဘာသာရပ်အလိုက် အင်ဂျင်နီယာပညာနှင့် နည်းပညာကျင့်ထုံးများ ပြုစုနိုင် ရေးအတွက် အာဆီယံနိုင်ငံများ၏ ကျင့်ထုံးများနှင့် ခေတ်မီဖွံ့ဖြိုးပြီး နိုင်ငံများ၏ ကျင့်ထုံးများကို ကိုးကားရန်။

၂၄။ **အင်ဂျင်နီယာပညာစဉ်ဆက်မပြတ်သင်ကြားရေးလုပ်ငန်းကော်မတီ။** အလုပ်အမှုဆောင်အဖွဲ့သည် ဤလုပ်ငန်းကော်မတီကို အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးအား ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၁၅ဦးထက် မပိုသော ကောင်စီဝင်များအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးလျက် ဖွဲ့စည်းရ မည်-

**(က) လုပ်ငန်းကော်မတီ၏ တာဝန်များ**

Myanmar Law Information System (MLIS)

(၁) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စာတွေ့နှင့် လက်တွေ့ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ညီလာခံများကို ကြီးမှူးကျင်းပခြင်း၊ အပြည်ပြည် ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းအဝေးများ၊ ညီလာခံများသို့ နိုင်ငံကိုယ်စားပြု၍ ပါဝင်တက်ရောက် နိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊

(၂) လုပ်ငန်းလိုအပ်ချက်များနှင့်အညီ မှတ်ပုံတင်အင်ဂျင်နီယာ၊ မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူနှင့် မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူများ စဉ်ဆက်မပြတ် လေ့လာသင်ကြားမှုရရှိနိုင်စေရန် တာဝန်ခံဝန်ကြီးဌာနနှင့် အခြား သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့် လိုအပ်သည် များ ပံ့ပိုးကူညီခြင်း၊

(၃) ပညာရှင်အဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုစနစ် အကောင်အထည်ဖော်ခြင်း၊

(၄) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ အဆင့်အတန်းမြင့်မားစေရေးအတွက် သုတေသန၊ ဖွံ့ဖြိုး ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန် ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့် ကူညီခြင်း၊

(၅) မှတ်ပုံတင်အင်ဂျင်နီယာ၊ မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ၊ မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူများ၏ အရည်အသွေး ထိန်းသိမ်းမြှင့်တင်နိုင်ရန် အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ နှင့် ဆက်သွယ်အကြံပြုခြင်း၊ ကူညီခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၆) အလုပ်သင်နည်းပညာကျွမ်းကျင်သူများ၊ အလုပ်သင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူများနှင့် အလုပ်သင်အင်ဂျင်နီယာများအတွက် အလုပ်သင်ကာလအတွင်း လိုအပ်ချက်များကို သတ်မှတ်ပေးခြင်း နှင့်ပညာရပ်ဆိုင်ရာ စဉ်ဆက်မပြတ်သင်ကြားရေးလုပ်ငန်းများကို သင့်လျော်သော နည်းလမ်းများဖြင့် စီစဉ်ဆောင်ရွက်ခြင်း။

**(ခ) လုပ်နည်းများ**

(၁) ပညာရှင်အဆင့် စဉ်ဆက်မပြတ် လေ့လာသင်ကြားမှုစနစ် အကောင်အထည်ဖော်ခြင်းနှင့် စာတွေ့ လက်တွေ့သင်တန်း ဖွင့်လှစ်ခြင်းများဆောင်ရွက်ရာတွင် မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်း ကော်မတီ၊ ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေးလုပ်ငန်းကော်မတီတို့နှင့် ညှိနှိုင်း၍ အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်၊

(၂) အဖွဲ့အစည်းအသီးသီးမှ တင်ပြလာသော စဉ်ဆက်မပြတ် လေ့လာသင်ကြားရေး အစီအစဉ်အား အသိအမှတ်ပြုခြင်းနှင့် အတတ်ပညာဆိုင်ရာ ဖွံ့ဖြိုးမှုအမှတ်သတ်မှတ်ပေးခြင်းအတွက် လုပ်ထုံးလုပ်နည်း ထုတ်ပြန်နိုင်ရန် ကောင်စီသို့တင်ပြရမည်၊

Myanmar Law Information System (MLIS)

(၃) မှတ်ပုံတင်ရန် လျှောက်ထားလာသူ၏ စဉ်ဆက်မပြတ် လေ့လာသင်ကြားမှု အစီအစဉ်ကို စိစစ်၍ လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ဆုံးဖြတ်ပေးရမည်၊

(၄) စဉ်ဆက်မပြတ် လေ့လာသင်ကြားမှုအစီအစဉ်အတွက် အင်ဂျင်နီယာအထူးပြုဘာသာရပ်အလိုက် လုပ်ငန်းအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်၊

(၅) စဉ်ဆက်မပြတ် လေ့လာသင်ကြားမှုအစီအစဉ်အတွက် ကျင့်သုံးမည့် လုပ်ထုံးလုပ်နည်း အသေးစိတ် ကို အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ကြေညာရမည်၊

(၆) မှတ်ပုံတင်ရန် လျှောက်ထားသူ၏ လက်ရှိစဉ်ဆက်မပြတ် လေ့လာသင်ကြားမှု ရမှတ်အခြေအနေကို သိရှိရန် တောင်းခံမေးမြန်းခြင်း၊ အသိအမှတ်ပြုခြင်းအတွက် သတ်မှတ်ထားသော ငွေပေးသွင်းစေ၍ ထောက်ခံစာ ထုတ်ပေးနိုင်သည်၊

(၇) စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်အရ မှတ်ပုံတင်ထားသူအတွက် လိုအပ်ချက်များ၊ သတ် မှတ်ချက်များကို မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

<ပြင်ဆင် 26.06.2021, 09.10.2023>

၂၅။ **အင်ဂျင်နီယာပညာဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား စိစစ်အသိအမှတ်ပြုရေး လုပ်ငန်း ကော်မတီ။** အလုပ်အမှုဆောင်အဖွဲ့သည် ဤလုပ်ငန်းကော်မတီကို အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၅ဦးထက်မပိုသော ကောင်စီဝင်များအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးလျက် ဖွဲ့စည်းရမည်-

**(က) လုပ်ငန်းကော်မတီ၏ တာဝန်များ**

(၁) မြန်မာနိုင်ငံအတွင်း ဆောင်ရွက်သည့် ပြည်တွင်းပြည်ပ အတိုင်ပင်ခံအင်ဂျင်နီယာများနှင့် အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ကန်ထရိုက်တာနှင့် ကန်ထရိုက်လုပ်ငန်း လုပ်ကိုင်သော ကုမ္ပဏီများနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများနှင့် လုပ်ငန်းအခြေခံစံနှုန်းများ ကိုက်ညီမှု ရှိ မရှိ တာဝန်ခံဝန်ကြီးဌာန၏ ခွင့်ပြုချက် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ စိစစ်ပြီး အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများသို့ သဘောထားပြန်ကြားခြင်း။

(၂) မြန်မာနိုင်ငံအတွင်း ဆောင်ရွက်သည့် ပြည်တွင်းပြည်ပကန်ထရိုက်တာနှင့် ကန်ထရိုက်လုပ်ငန်း လုပ်ကိုင်သော ကုမ္ပဏီများအား စိစစ်၍လုပ်ငန်းလုပ်ကိုင်ခွင့် အသိအမှတ်ပြုရေး ဆောင်ရွက်ရမည်၊

Myanmar Law Information System (MLIS)

(၃) မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းပြည်ပ အတိုင်ပင်ခံ အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းများ၊ အဖွဲ့အစည်းများအား စိစစ်၍ လုပ်ငန်းလုပ်ကိုင်ခွင့် အသိအမှတ်ပြုရေး ဆောင်ရွက်ရမည်။

**(ခ) လုပ်နည်းများ**

(၁) ဤလုပ်ငန်းကော်မတီသည် အောက်ဖော်ပြပါ အချက်အလက်များကို အခြေခံ၍ စိစစ်အသိအမှတ်ပြု ဆောင်ရွက်ရမည်-

(ကက) မြန်မာနိုင်ငံတွင် ဖွဲ့စည်းထားရှိမည့် ကုမ္ပဏီ၏ ဖွဲ့စည်းပုံ၊

(ခခ) မြန်မာနိုင်ငံတွင် တာဝန်ယူဆောင်ရွက်မည့် တာဝန်ခံ၏အမည်၊ ပညာအရည်အချင်းနှင့် လုပ်ငန်း အတွေ့အကြုံ၊

(ဂဂ) တာဝန်ခံအင်ဂျင်နီယာ၏ အမည်၊ အင်ဂျင်နီယာဘွဲ့၊ မှတ်ပုံတင်လက်မှတ်နှင့် အတွေ့အကြုံ၊

(ဃဃ) လုပ်ငန်းအရည်အသွေး ထိန်းသိမ်းကွပ်ကဲမှု အခြေအနေ၊

(ငင) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မှုအခြေအနေ၊

(စစ) လုပ်ငန်းခွင်သုံး စက်ကိရိယာနှင့် အထောက်အကူပစ္စည်းများ။

(၂) စိစစ်အသိအမှတ်ပြုခြင်းကို နှစ်စဉ်ပြန်လည်စိစစ်ဆောင်ရွက်ရမည်။

<ပြင်ဆင် 26.06.2021>

၂၆။ အပြည်ပြည်ဆိုင်ရာနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းကော်မတီ။ အလုပ်အမှုဆောင်အဖွဲ့သည် ဤလုပ်ငန်းကော်မတီကို အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၅ ဦးထက် မပိုသော ကောင်စီဝင်များအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးလျက် ဖွဲ့စည်း ရမည်-

**(က) လုပ်ငန်းကော်မတီ၏ တာဝန်များ**

(၁) မြန်မာနိုင်ငံသား မှတ်ပုံတင်အင်ဂျင်နီယာများ၊ မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူများနှင့် မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူ များ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုနိုင်မည့် ဒေသတွင်းနှင့် နိုင်ငံတကာအစိုးရ သို့မဟုတ် ပုဂ္ဂလိက အဖွဲ့အစည်းများ၊ တက္ကသိုလ်များ၊ ပညာရှင်များ နှင့် ထိတွေ့ဆက်ဆံနိုင်မည့် အခွင့်အလမ်းများ ဖော်ဆောင်ခြင်း၊ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်း များ ရှာဖွေလုပ်ဆောင်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၂) ကမ္ဘာနိုင်ငံအသီးသီးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အင်ဂျင်နီယာနှင့် နည်းပညာ ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးစံချိန်စံညွှန်း ထိန်းသိမ်းဆောင်ရွက်ခြင်း လုပ်ငန်းများ အတွေ့အကြုံများအား လေ့လာခြင်း၊

Myanmar Law Information System (MLIS)

(၃) အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာအင်ဂျင်နီယာကောင်စီများနှင့် ဆက်သွယ်ခြင်းနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ ဖော်ထုတ်ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊

(၄) ခေတ်မီအင်ဂျင်နီယာ နည်းပညာရပ်များ၊ ကျွမ်းကျင်မှုဆိုင်ရာ နည်းစဉ်သစ်များ၊ သဘာဝပတ်ဝန်း ကျင်နှင့် လူသားအကျိုးပြု အင်ဂျင်နီယာနည်းပညာရပ်များနှင့် စပ်လျဉ်း၍ ကမ္ဘာ့နိုင်ငံအသီးသီး၏ အတွေ့အကြုံများ၊ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများအပေါ် မြန်မာနိုင်ငံမှတ်ပုံတင်အင်ဂျင်နီယာများ၊ မှတ်ပုံတင်ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူများနှင့် မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူများသို့ ထပ်ဆင့်ဖြန့်ဝေဆောင်ရွက်ပေးခြင်း၊

(၅) မြန်မာနိုင်ငံမှတ်ပုံတင်အင်ဂျင်နီယာများ၊ မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူများနှင့် မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူများ အတွက် နိုင်ငံတကာအတွေ့အကြုံများ ရရှိစေမည့် ဆွေးနွေးပွဲများ၊ ကွန်ဖရင့်များ၊ သင်တန်းများ၊ လေ့ လာရေးခရီးစဉ်များ၊ စာတမ်းဖတ်ပွဲများသို့ တက်ရောက်ခွင့်ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်း။

**(ခ) လုပ်နည်းများ**

(၁) မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဝက်ဘ်ဆိုက် တည်ထောင်ခြင်းနှင့် အဆိုပါ ဝက်ဘ်ဆိုက်မှ မြန်မာ နိုင်ငံ အင်ဂျင်နီယာကောင်စီဆိုင်ရာ သတင်းအချက်အလက်များအား အချိန်နှင့် တစ်ပြေးညီလွှင့်တင် ဖြန့်ဝေပေးရန်၊

(၂) အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာရှိ အင်ဂျင်နီယာကောင်စီများသို့ ဆက်သွယ်ခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်ရယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၃) သက်ဆိုင်ရာအင်ဂျင်နီယာများအကြား အပြန်အလှန်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နိုင်မည့် အစီအစဉ်များ ညှိနှိုင်းရေးဆွဲရန်၊

(၄) နိုင်ငံတကာဆက်ဆံရေးအတွက် လိုအပ်သောအင်တာနက်စနစ်နှင့် ကွန်ပျူတာခန်းများ၊ နိုင်ငံတကာ ဧည့်သည်များအတွက် ဧည့်ခန်းဆောင်များစီစဉ်ရန်၊

(၅) မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအောက်၌ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီအသီးသီးနှင့် ချိတ်ဆက်လျက် သတင်းအချက်အလက်များ ရယူပြီး ကောင်စီဝက်ဘ်ဆိုက်တွင် လွှင့်တင်ပေးရန်၊

(၆) နိုင်ငံတကာအစိုးရ သို့မဟုတ် ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် တက္ကသိုလ်များမှ ပညာရှင်များက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသို့ ပေးပို့ဆက်သွယ်လာသော စာများနှင့် သတင်းအချက်အလက်များ အား ကောင်စီဝင်များသို့ ဆက်လက်ဖြန့်ဝေပေးပို့ရန်နှင့် သက်ဆိုင်ရာသို့ ပြန်လည်ပေးပို့ရေးအတွက် ကူညီပေးရန်၊

Myanmar Law Information System (MLIS)

(၇) နိုင်ငံအလိုက် အင်ဂျင်နီယာကောင်စီများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြသော အင်ဂျင်နီယာမှတ်ပုံတင်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ၊ အင်ဂျင်နီယာကျင့်ဝတ်သိက္ခာပိုင်း ဆိုင်ရာများ၊ အင်ဂျင်နီယာအရည်အသွေးပိုင်းဆိုင်ရာ အသိအမှတ်ပြုမှုလုပ်ငန်းများ၊ စည်းကမ်းထိန်း သိမ်းရေး၊ အင်ဂျင်နီယာပညာစဉ်ဆက်မပြတ်သင်ကြားရေး၊ လုပ်ငန်းအခြေခံ စံချိန်စံညွှန်းများ၊ အင်ဂျင် နီယာပညာရပ်ဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား စိစစ်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရရှိသော သတင်းအချက်အလက်များအား သက်ဆိုင်ရာ လုပ်ငန်းကော်မတီများသို့ ဆက်လက်ဖြန့်ဝေပေးရန်။

<ပြင်ဆင် 26.06.2021>

၂၇။ လုပ်ငန်းကော်မတီများသည်-

(က) လုပ်ငန်းစီမံချက်များ၊ စံနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတကာတွင် အသုံးပြုနေသော စံနှုန်းသတ်မှတ်ချက်များနှင့် အတတ်နိုင်ဆုံး ကိုက်ညီစေရန် ဆောင်ရွက်ရမည်။

(ခ) လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ တိုးတက်မှုအခြေအနေများကို ကောင်စီ၏ ပုံမှန်အစည်းအဝေးများတွင် တင်ပြရမည်။

<ပြင်ဆင် 26.06.2021>

**အင်ဂျင်နီယာအထူးပြုပညာရပ်အလိုက် လုပ်ငန်းအဖွဲ့များ**

၂၈။ အလုပ်အမှုဆောင်အဖွဲ့သည်

(က) အောက်ပါအင်ဂျင်နီယာအထူးပြု ပညာရပ်အလိုက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းရမည်-

(၁) မြို့ပြ အင်ဂျင်နီယာ လုပ်ငန်းအဖွဲ့၊

(၂) စက်မှုအင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၃) လျှပ်စစ်စွမ်းအား အင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၄) အီလက်ထရောနစ် အင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၅) ဓာတု အင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၆) ချည်မျှင်နှင့်အထည် အင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၇) ရေနံ အင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၈) သတ္တုတူးဖော်ရေး အင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၉) သတ္တုဗေဒအင်ဂျင်နီယာနှင့် ဒြပ်ပစ္စည်းသိပ္ပံလုပ်ငန်းအဖွဲ့၊

(၁၀) ရေကြောင်းပညာ အင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၁၁) လေကြောင်းနှင့် အာကာသအင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၁၂) သတင်းအချက်အလက် နည်းပညာ အင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၁၃) စက်မှုအီလက်ထရောနစ် အင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၁၄) ပတ်ဝန်းကျင်ဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၁၅) ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာအင်ဂျင်နီယာလုပ်ငန်းအဖွဲ့။

(ခ) နည်းဥပဒေခွဲ (က) တွင် မပါဝင်သည့် အထူးပြုပညာရပ်များကို ပညာရပ်ချင်းဆက်စပ်မှုရှိသော လုပ်ငန်းအဖွဲ့များတွင် ထည့်သွင်းဖွဲ့စည်း၍လည်းကောင်း၊ သီးခြားလုပ်ငန်းအဖွဲ့များအဖြစ် ဖွဲ့စည်း၍ လည်းကောင်း ဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းအဖွဲ့တွင် သက်ဆိုင်ရာပညာရပ်ဆိုင်ရာ ကောင်စီဝင်အား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာပညာရပ်အလိုက် မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင် လက်မှတ်ရပြီးသူ ဝါရင့်အင်ဂျင်နီယာ ၅ ဦးမှ ၁၀ဦးထိအား အဖွဲ့ဝင်များအဖြစ် လည်းကောင်း တာဝန်ပေးအပ်ရမည်၊

(ဃ) လုပ်ငန်းအဖွဲ့များက သက်ဆိုင်ရာပညာရပ်များနှင့် စပ်လျဥ်း၍ ကောင်စီအားပေးသော အကြံဉာဏ် များကို အလုပ်အမှုဆောင်အဖွဲ့က လက်ခံစဥ်းစား၍ အကောင်အထည်ဖော်ဆောင်ရွက်သင့်သော ကိစ္စများ ကို ကောင်စီ၏သဘောတူညီချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

<ပြင်ဆင် 26.06.2021>

## အခန်း(၅)
## ကောင်စီအစည်းအဝေးများ

**အစည်းအဝေးများ**

၂၉။ **ကောင်စီအစည်းအဝေး။** ကောင်စီ၏ ပုံမှန်အစည်းအဝေးကို ၃လလျှင် တစ်ကြိမ် ကျင်းပပြုလုပ်ရမည်။ ကောင်စီဝင်ဦးရေ၏ အနည်းဆုံး လေးပုံတစ်ပုံ (၂၅ ရာခိုင်နှုန်း) အရေအတွက်က တရားဝင်စာဖြင့် ရေးသားတောင်းဆို၍ အထူးအစည်းအဝေးကျင်းပပြုလုပ်ရန် ပေါ်ပေါက်လာလျှင် မှတ်ပုံတင်အရာရှိချုပ်သည် ထိုသို့ တင်ပြချက်များ လက်ခံရရှိသည့်နေ့မှ ၁၄ရက်အတွင်း ကောင်စီအထူးအစည်းအဝေး ခေါ်ယူရမည်။ ကောင်စီဝင်အနည်းဆုံး ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

၃၀။ **အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး။** အလုပ်အမှုဆောင်အဖွဲ့ ပုံမှန်အစည်းအဝေးကို တစ်လလျှင် တစ်ကြိမ် ကျင်းပပြုလုပ်ရမည်။ အထူးအစည်းအဝေးကျင်းပပြုလုပ်ရန် လိုအပ်ပါက အလုပ်အမှုဆောင် အဖွဲ့အထူးအစည်းအဝေး ခေါ်ယူရမည်။ အလုပ်အမှုဆောင်အဖွဲ့ဝင် အနည်းဆုံး ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

၃၁။ **လုပ်ငန်းကော်မတီအစည်းအဝေး။** လုပ်ငန်းကော်မတီများ၏ ညှိနှိုင်းအစည်းအဝေးများကို လိုအပ်လျှင် လိုအပ်သလို ကျင်းပပြုလုပ်ရမည်။

၃၂။ ကောင်စီကကျင်းပသော ကောင်စီအစည်းအဝေး၊ အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး၊ လုပ်ငန်းကော်မတီအစည်းအဝေးများ၏ ဆွေးနွေးဆုံးဖြတ်ချက်များကို ကန့်သတ်အဆင့် သတ်မှတ်ရမည်။

**ဖိတ်ကြားခြင်း**

၃၃။ (က) မှတ်ပုံတင်အရာရှိချုပ်သည် အစည်းအဝေးကျင်းပမည့်နေရာ၊ နေ့ရက်၊ အချိန်နှင့် အစည်းအဝေးတွင် ဆွေးနွေးမည့် အကြောင်းအရာများကို ဖော်ပြလျက် အစည်းအဝေးမကျင်းပမီ အနည်းဆုံး (၅) ရက် ကြိုတင်၍ စာဖြင့်ဖိတ်ကြားရမည်။

(ခ) အကြောင်းအမျိုးမျိုးကြောင့် ဖိတ်စာလက်ခံရရှိခြင်းမရှိ၍ ကောင်စီဝင်တစ်ဦးဦးအစည်းအဝေးတက် ရောက်ရန် ပျက်ကွက်ခြင်းသည် ထိုအစည်းအဝေးတွင် ဆုံးဖြတ်ထားသည့် ကိစ္စများအား ပျက်ပြယ်ခြင်း မရှိစေရ။

**အစည်းအဝေးမှတ်တမ်းများ**

၃၄။ (က) မှတ်ပုံတင်အရာရှိချုပ်သည် အစည်းအဝေးမှတ်တမ်းတင်သူအဖြစ် ဆောင်ရွက်ရမည်။

(ခ) အစည်းအဝေးမှတ်တမ်းအားလုံးကို မှတ်ပုံတင်အရာရှိချုပ်က စနစ်တကျ မှတ်တမ်းတင်သိမ်းဆည်းရမည်။

(ဂ) အစည်းအဝေးတစ်ခုကျင်းပပြီးတိုင်း မှတ်ပုံတင်အရာရှိချုပ်သည် အစည်းအဝေးမှတ်တမ်းမူကြမ်းကို အစည်းအဝေးတက်ရောက်သူအားလုံးက အတည်ပြုနိုင်ရန် အတည်ပြုပေးရမည့် နောက်ဆုံးရက် သတ် မှတ်၍ လှည့်လည်ဖြန့်ဝေရမည်။

(ဃ) အစည်းအဝေးမှတ်တမ်းတိုင်းသည် အစည်းအဝေး၌ ဆုံးဖြတ်ထားသော အချက်အားလုံးအတွက် သက်သေခံဖြစ်သည်။ အစည်းအဝေးမှတ်တမ်းတစ်ခုခုက ရည်ညွှန်းသော အစည်းအဝေးသည် အခြား ဆန့်ကျင်ဘက်တစ်နည်းနည်းနှင့် သက်သေပြနိုင်ခြင်းမရှိလျှင် စနစ်တကျ ဖွဲ့စည်းကျင်းပခဲ့သော အစည်း အဝေးဖြစ်သည်ဟု မှတ်ယူရမည်။

**ဆန္ဒမဲပေးခြင်း**

၃၅။ အစည်းအဝေးတိုင်းတွင် ပေါ်ပေါက်လာသော ပြဿနာတစ်ရပ်ရပ်အတွက် အဆုံးအဖြတ်ရယူရန် တက်ရောက်လာသူအများစုက လက်ထောင်ကာ ဆန္ဒပြုခြင်းဖြင့် ဆောင်ရွက်နိုင်သည်။ သို့ရာတွင် အစည်းအဝေးတက်ရောက်သူတစ်ဦးဦးက မှတ်တမ်းတင်ပေးရန် အဆိုပြုလျှင် ထောက်ခံသူအမည်စာရင်း၊ ကန့်ကွက်သူအမည်စာရင်းနှင့် ကြားနေသူအမည်စာရင်းကို အစည်းအဝေးမှတ်တမ်းတွင် မှတ်တမ်း တင်ရမည်။

**ဘဏ္ဍာငွေရှင်းတမ်းတင်ပြခြင်း**

၃၆။ ကောင်စီအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတိုင်းတွင် ကောင်စီဘဏ္ဍာရေးမှူးသည် ဘဏ္ဍာငွေရှင်းတမ်းကို အောက်ပါအတိုင်း တင်ပြရမည်-

Myanmar Law Information System (MLIS)

(က) လက်ရှိဘဏ္ဍာရေးနှစ်အတွင်း ကောင်စီက ရငွေနှင့် သုံးငွေများကို အစည်းအဝေးမတိုင်မီ နောက်ဆုံး အခြေအနေအထိ တင်ပြရမည်။

(ခ) နောက်ဆုံးအခြေအနေနှင့်ကိုက်ညီသော ငွေလက်ကျန်ရှင်းတမ်းကို တင်ပြရမည်။

## အခန်း(၆)

## ရုံးအဖွဲ့ဖွဲ့စည်းခြင်း

### ရုံးအဖွဲ့

၃၇။ (က) ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ရုံးအဖွဲ့ကို တာဝန်ခံဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | မှတ်ပုံတင်အရာရှိချုပ် | ၁ ဦး။ |
| (ခ) | လက်ထောက်မှတ်ပုံတင်အရာရှိချုပ် | ၁ ဦး။ |
| (ဂ) | ငွေစာရင်းအရာရှိ | ၁ ဦး။ |
| (ဃ) | ဆောင်ရွက်မည့် လုပ်ငန်းပမာဏအရ လိုအပ်သော အရာထမ်းနှင့် အမှုထမ်းများ။ | |

(ခ) ကောင်စီသည် ရုံးအဖွဲ့ကို တာဝန်ခံဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

<ပြင်ဆင် 26.06.2021>

### မှတ်ပုံတင်အရာရှိချုပ်

၃၈။ မှတ်ပုံတင်အရာရှိချုပ်၏ တာဝန်နှင့်ဝတ္တရားများ။ မှတ်ပုံတင်အရာရှိချုပ်၏ တာဝန်နှင့် ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေနှင့်အညီ မှတ်ပုံတင်သော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ မှတ်ပုံတင်လက်မှတ်ကို စိစစ်၍ တင်ပြခြင်း၊

(ခ) မှတ်ပုံတင်စာရင်းရေးသွင်းခြင်း၊ မှတ်ပုံတင်စာရင်းပြုစုခြင်းနှင့် အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

(ဂ) မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း၊ ပြန်လည်မှတ်ပုံတင်စာရင်း သွင်းခြင်း၊

(ဃ) ရုံးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ကွပ်ကဲခြင်း၊

(င) ကောင်စီအစည်းအဝေးများနှင့် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးများ ကျင်းပရေးအတွက် ဖိတ်ကြားခြင်း၊

(စ) ကောင်စီအစည်းအဝေးများနှင့် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးများတွင် အစည်းအဝေး မှတ်တမ်းတင်သူအဖြစ် ဆောင်ရွက်ခြင်း၊

Myanmar Law Information System (MLIS)

(ဆ) အစည်းအဝေးမှတ်တမ်းများ ထိန်းသိမ်းခြင်း၊

(ဇ) ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့ကပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အခါအားလျော်စွာ အစီအရင်ခံ တင်ပြခြင်း။

**လက်ထောက်မှတ်ပုံတင်အရာရှိချုပ်**

၃၉။ လက်ထောက်မှတ်ပုံတင်အရာရှိချုပ်သည် မှတ်ပုံတင်အရာရှိချုပ်ကို တာဝန်ခံရမည်။

**ငွေစာရင်းအရာရှိ**

၄၀။ ငွေစာရင်းအရာရှိသည် ဘဏ္ဍာရေးမှူးအား တာဝန်ခံ၍ ကောင်စီ၏ငွေစာရင်းဆိုင်ရာ ကိစ္စရပ်များ ကို တာဝန်ယူဆောင်ရွက်ရမည်။

**လစာနှင့်စရိတ်**

၄၁။ မှတ်ပုံတင်အရာရှိချုပ်၊ လက်ထောက်မှတ်ပုံတင်အရာရှိချုပ်၊ ငွေစာရင်းအရာရှိနှင့် ရုံးအဖွဲ့သည် တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ကောင်စီက သတ်မှတ်ပေးသော လစာနှင့်စရိတ် ခံစားခွင့်ရှိသည်။

<ပြင်ဆင် 26.06.2021>

## အခန်း(၇)

## ဘဏ္ဍာရေး

၄၂။ ကောင်စီသည် ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အောက်ပါရ ငွေများဖြင့် ရန်ပုံငွေတစ်ရပ်ထူထောင်ရမည်-

(က) မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေး၊ ရက်လွန်ကြေးနှင့် အခြားရခွင့်ရှိသော ငွေများ၊

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊

(ဂ) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ။

၄၃။ ကောင်စီသည် မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်ရမည်။

<ပြင်ဆင် 26.06.2021>

၄၄။ မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးကဲ့သို့ ကောင်စီ၏ ရငွေများသည်လည်းကောင်း၊ ပြည်တွင်းပြည်ပ အလှူရှင်များက လှူဒါန်းသော အလှူငွေများသည်လည်းကောင်း၊ တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ စနစ် တကျ ငွေစာရင်းသွင်းခြင်း၊ သုံးစွဲခြင်း၊ လက်ကျန်ရှင်းတမ်းထုတ်ခြင်း၊ အခါအားလျော်စွာ ငွေစာရင်း စစ်ဆေးခြင်းများ ပြုလုပ်ရမည်။

<ပြင်ဆင် 26.06.2021>

၄၅။ ဤနည်းဥပဒေအရ ကောင်စီသို့ပေးသွင်းသည့် မှတ်ပုံတင်ကြေးအပါအဝင် ကောင်စီပိုင်ငွေကြေးအား လုံးကို ကောင်စီကဖွင့်လှစ်ထားသော ဘဏ်စာရင်းတွင် ပေးသွင်းရမည်။ ငွေထုတ်ချက်လက်မှတ်

Myanmar Law Information System (MLIS)

အားလုံးကို ဥက္ကဋ္ဌ သို့မဟုတ် ဤကိစ္စအလို့ငှာ ဥက္ကဋ္ဌက ကိုယ်စားတာဝန်ပေးအပ်ထားသော ဒုတိယဥက္ကဋ္ဌနှင့် အခြားအလုပ်အမှုဆောင်အဖွဲ့ဝင် ၂ ဦးက လက်မှတ်ရေးထိုးရမည်။

၄၆။ ကောင်စီ၏ ငွေစာရင်းများသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကို ခံယူရမည်။

၄၇။ ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး သုံးလထက်မကျော်လွန်သော ကာလအတွင်း ကောင်စီသည် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွင်း မိမိ၏ဆောင်ရွက်ချက်များနှင့် ဘဏ္ဍာရေးအခြေအနေများကို တာဝန်ခံဝန်ကြီးဌာနသို့ စာဖြင့်ရေးသားအစီရင်ခံရမည်။

<ပြင်ဆင် 26.06.2021>

၄၈။ ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ အလှူငွေများ၊ ပစ္စည်းများ၊ နည်းပညာဆိုင်ရာနှင့် အခြားအကူအညီများကို လက်ခံနိုင်ရန် လုပ်ထုံးလုပ်နည်းများ

(က) ပြည်တွင်းအဖွဲ့အစည်းဖြစ်ပါက တရားဝင်မှတ်ပုံတင်ဖွဲ့စည်းထားသော အဖွဲ့အစည်း ဖြစ်ရမည်၊

(ခ) ပြည်ပအဖွဲ့အစည်းဖြစ်ပါက မိမိသက်ဆိုင်ရာနိုင်ငံတွင် တရားဝင် မှတ်ပုံတင်ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်ရမည်၊ လိုအပ်ပါက သက်ဆိုင်ရာ သံရုံးများ၏ စိစစ်ထောက်ခံချက်ပါရှိရမည်၊

(ဂ) အလှူရှင်များထံမှ ရရှိသော အလှူငွေများ၊ ပစ္စည်းများနှင့် ပတ်သက်၍ အလှူရှင်၏ အမည်၊ နေရပ်လိပ်စာ၊ အလှူငွေ/ ပစ္စည်းတန်ဖိုး၊ လှူဒါန်းသည့် နေ့ရက်စသည်တို့ကို စနစ်တကျ မှတ်တမ်းတင်ပြီး အလှူငွေ/ ပစ္စည်းလက်ခံရရှိကြောင်း ပြေစာအား မပျက်မကွက် ပြန်လည်ပေးအပ်ရမည်၊

(ဃ) ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ လှူဒါန်းပါက ပိုင်ဆိုင်မှုနှင့် ပတ်သက်သော အထောက်အထားများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ စိစစ်ထောက်ခံမှုဖြင့် လက်ခံနိုင်သည်၊

(င) နည်းပညာဆိုင်ရာနှင့် အခြားအကူအညီများ ဖြစ်ပါက လွှဲပြောင်းရရှိသော နည်းပညာနှင့် အခြားအကူအညီများကို စနစ်တကျ မှတ်တမ်းတင်ထားရှိရမည်၊

(စ) လှူဒါန်းမှုအစုစုသည် အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်ရှိရန် သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း(၈)

## မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၄၉။ (က) ကောင်စီမှ အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့် သက်ဆိုင်သည့် ပြည်တွင်းပြည်ပ အဖွဲ့အစည်း၊ ဌာနတစ်ခုခုကဖြစ်စေ၊ နည်းပညာတက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံတစ်ခုခုကဖြစ်စေ၊ သက်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာရရှိပြီးနောက် ဥပဒေအရ ကောင်စီကထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်ရရှိလိုသူများသည် သက်ဆိုင်ရာသတ်မှတ်ချက်များနှင့်အညီ ကောင်စီတွင် လျှောက်ထားရမည်။

(ခ) ထိုသို့လျှောက်ထားရာတွင် မှတ်ပုံတင်လက်မှတ် ရရှိလိုသူများသည် စာရွက်စာတမ်း အထောက်အထားများ မှန်ကန်မှုရှိကြောင်းနှင့် သက်ဆိုင်ရာ အင်ဂျင်နီယာနှင့်နည်းပညာ ဘွဲ့၊ ဒီပလိုမာ ရရှိခြင်းမရှိဘဲ လိမ်လည် တင်ပြရယူခြင်း မရှိကြောင်း တာဝန်ခံရမည်။

<ပြင်ဆင် 26.06.2021>

၅၀။ မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီက လိုအပ်သလို စိစစ်၍ လက်မှတ်ထုတ်ပေးရန် သဘောတူသဖြင့် မှတ်ပုံတင်အရာရှိချုပ်အား လက်မှတ်များထုတ်ပေးရန် အကြောင်းကြားလျှင် လျှောက် ထားသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးပေးသွင်းစေလျက် မှတ်ပုံတင်အရာရှိချုပ်က လက်မှတ် ရေးထိုး၍ အောက်ပါလက်မှတ်များ ထုတ်ပေးရမည်-

(က) အလုပ်သင်နည်းပညာကျွမ်းကျင်သူလက်မှတ်၊

(ခ) အလုပ်သင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူလက်မှတ်၊

(ဂ) အလုပ်သင်အင်ဂျင်နီယာလက်မှတ်။

၅၁။ မှတ်ပုံတင်အရာရှိချုပ်သည် ဤကဲ့သို့ထုတ်ပေးသော လက်မှတ်များကို မှတ်ပုံတင်စာရင်း ရေးသွင်း ရမည်။

**အလုပ်သင်ကာလ**

၅၂။ အလုပ်သင်နည်းပညာကျွမ်းကျင်သူ၊ အလုပ်သင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ၊ အလုပ်သင်အင်ဂျင်နီယာတိုင်း၏ အလုပ်သင်ကာလသည် အောက်တွင် ယှဉ်တွဲဖော်ပြသည့်အတိုင်းဖြစ်သည်-

| | | |
|---|---|---|
| (က) | အလုပ်သင်နည်းပညာကျွမ်းကျင်သူ | ၂ နှစ် |
| (ခ) | အလုပ်သင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ | ၂ နှစ် |
| (ဂ) | အလုပ်သင်အင်ဂျင်နီယာ | ၄ နှစ် |

၅၃။ အလုပ်သင်နည်းပညာကျွမ်းကျင်သူသည် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ သို့မဟုတ် မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်၏ လက်အောက်တွင် အလုပ်သင်တာဝန်ထမ်းဆောင်ပြီး ထိုသို့တာဝန်ထမ်းဆောင် ခဲ့မှုသည် မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူ လက်မှတ်ထုတ်ပေးရေးအတွက် ကျေနပ်ဖွယ်ရှိကြောင်း သက်ဆိုင်ရာ မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာ သို့မဟုတ် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်က လက်မှတ်ရေးထိုးသော ထောက်ခံစာကို တင်ပြနိုင်ရမည်။

၅၄။ အလုပ်သင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူသည် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ သို့မဟုတ် မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်၏ လက်အောက်တွင် အလုပ်သင်တာဝန်ထမ်းဆောင်ပြီး ထိုသို့တာဝန် ထမ်းဆောင်ခဲ့မှုသည် မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ လက်မှတ်

Myanmar Law Information System (MLIS)

ထုတ်ပေးရေးအတွက် ကျေနပ် ဖွယ်ရှိကြောင်း သက်ဆိုင်ရာ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ သို့မဟုတ် မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်က လက်မှတ်ရေးထိုးထားသော ထောက်ခံစာကို တင်ပြနိုင်ရမည်။

၅၅။ အလုပ်သင်အင်ဂျင်နီယာသည် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်၏ လက်အောက်တွင် အလုပ်သင် တာဝန်ထမ်းဆောင်ပြီး ထိုသို့ တာဝန်ထမ်းဆောင်ခဲ့မှုသည် မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေး ရေးအတွက် ကျေနပ်ဖွယ်ရှိကြောင်း သက်ဆိုင်ရာ မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်က လက်မှတ်ရေးထိုး ထားသော ထောက်ခံစာကိုတင်ပြနိုင်ရမည်။

၅၆။ **မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ်။** အလုပ်သင်ကာလပြီးဆုံး၍ မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်းကော်မတီသို့ သက်ဆိုင်ရာ မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာ၏ ထောက်ခံစာတင်ပြ ပြီး လျှောက်ထားလာသော အလုပ်သင်နည်းပညာကျွမ်းကျင်သူအား မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီက ခေါ်ယူ၍ လူတွေ့၊ စာတွေ့စစ်ဆေးပြီး သတ်မှတ်အရည်အချင်း ပြည့်မီကြောင်း တွေ့ရှိရလျှင် မှတ်ပုံတင်နည်းပညာ ကျွမ်းကျင်သူလက်မှတ်ထုတ်ပေးရန် အလုပ်အမှုဆောင်အဖွဲ့သို့ ထောက်ခံတင်ပြရမည်။

၅၇။ **မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ်။** အလုပ်သင်ကာလပြီးဆုံး၍ မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်းကော်မတီသို့ သက်ဆိုင်ရာ မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာ၏ ထောက်ခံစာတင်ပြ ပြီး လျှောက်ထားလာသော ဘွဲ့ရနည်းပညာကျွမ်းကျင်သူအား မှတ်ပုံတင်လက်မှတ်စိစစ်ရေး ကော်မတီက ခေါ်ယူ၍ လူတွေ့၊ စာတွေ့စစ်ဆေးပြီး သတ်မှတ်အရည်အချင်း ပြည့်မီကြောင်း တွေ့ရှိရလျှင် မှတ်ပုံတင် ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် ထုတ်ပေးရန် အလုပ်အမှုဆောင်အဖွဲ့သို့ ထောက်ခံတင်ပြရမည်။ မှတ်ပုံတင်နည်းပညာ ကျွမ်းကျင်သူလက်မှတ် ရရှိပြီး သတ်မှတ်ကာလ (၂) နှစ် ပြည့်မြောက်ကာ ပြဋ္ဌာန်း ထားသည့် သတ်မှတ်ချက်များ ပြည့်မီအောင် ဖြည့်ဆည်းနိုင်၍ သတ်မှတ်အရည် အချင်းပြည့်မီသော မှတ်ပုံတင်နည်းပညာ ကျွမ်းကျင်သူအား မှတ်ပုံတင်ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူအဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ပေးရန် မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီသည် အလုပ်အမှုဆောင်အဖွဲ့သို့ ထောက်ခံတင်ပြရမည်။

၅၈။ **မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်။** အလုပ်သင်ကာလပြီးဆုံး၍ မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီသို့ သက်ဆိုင်ရာ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်၏ ထောက်ခံစာတင်ပြပြီး လျှောက် ထားလာသော အလုပ်သင်အင်ဂျင်နီယာအား မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီက ခေါ်ယူ ၍ လူတွေ့၊ စာတွေ့ စစ်ဆေးပြီး သတ်မှတ်အရည်အချင်း ပြည့်မီကြောင်း တွေ့ရှိရလျှင် မှတ်ပုံတင် အင်ဂျင် နီယာ

Myanmar Law Information System (MLIS)

လက်မှတ်ထုတ်ပေးရန် အလုပ်အမှုဆောင်အဖွဲ့သို့ ထောက်ခံတင်ပြရမည်။ ထို့အပြင် မှတ်ပုံတင် ဘွဲ့ရ နည်းပညာကျွမ်းကျင်သူလက်မှတ်ရရှိပြီး သတ်မှတ်ကာလ (၄) နှစ်ပြည့်မြောက်ကာ ပြဋ္ဌာန်းထား သည့် သတ်မှတ်ချက်များပြည့်မီအောင် ဖြည့်ဆည်းနိုင်၍ သတ်မှတ်အရည်အချင်းပြည့်မီသော မှတ်ပုံတင် ဘွဲ့ရနည်းပညာကျွမ်းကျင်သူအား မှတ်ပုံတင်အင်ဂျင်နီယာအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် မှတ်ပုံ တင်လက်မှတ် စိစစ်ရေးလုပ်ငန်းကော်မတီ သည်အလုပ်အမှုဆောင်အဖွဲ့သို့ ထောက်ခံတင်ပြရမည်။

၅၉။ **မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်။** မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ရရှိပြီး သတ်မှတ်ကာလ (၂) နှစ် ပြည့်မြောက်ကာ ပြဋ္ဌာန်းထားသည့် သတ်မှတ်ချက်များ ပြည့်မီအောင် ဖြည့်ဆည်းနိုင်၍ သတ်မှတ်အရည်အချင်းပြည့်မီသော မှတ်ပုံတင်အင်ဂျင်နီယာသည် မှတ်ပုံတင်အကြီးတန်း အင်ဂျင် နီယာအဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ပေးရန် လျှောက်ထားလာလျှင် မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီသည် သတ်မှတ်ထားသည့်လိုအပ်ချက်များ ပြည့်မီခြင်း ရှိမရှိ စိစစ်ပြီး ပြည့်မီပါက ဤကဲ့သို့ အဆင့်သတ်မှတ်ပေးရန် အလုပ်အမှုဆောင်အဖွဲ့သို့ ထောက်ခံတင်ပြရမည်။

၆၀။ **မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်လက်မှတ်။** မှတ်ပုံတင် အကြီးတန်းအင်ဂျင်နီယာအဖြစ် သတ်မှတ်ကာလ ၁ နှစ်ပြည့်မြောက်ကာ ပြဋ္ဌာန်းထားသည့် သတ်မှတ်ချက်များ ပြည့်မီအောင် ဖြည့်ဆည်းနိုင်၍ သတ်မှတ်အရည်အချင်းပြည့်မီသော မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာသည် မှတ်ပုံတင် အင်ဂျင်နီယာ ပညာရှင်အဖြစ် အဆင့်တိုးမြှင့် သတ်မှတ်ပေးရန် လျှောက်ထားလာလျှင် မှတ်ပုံတင် လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီသည် သတ်မှတ်ထားသည့်လိုအပ်ချက်များ ပြည့်မီခြင်း ရှိမရှိ စိစစ် ပြီး ပြည့်မီပါက ဤကဲ့သို့ အဆင့်သတ်မှတ်ပေးရန် အလုပ်အမှုဆောင်အဖွဲ့သို့ ထောက်ခံတင်ပြရမည်။

၆၁။ နည်းဥပဒေ ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀ ပါ တင်ပြချက်များကို အလုပ်အမှုဆောင်အဖွဲ့က သဘောတူညီလျှင် မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီသည် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် မှတ်ပုံတင် အရာရှိချုပ်ထံစာဖြင့် အကြောင်းကြားရမည်။ မှတ်ပုံတင် အရာရှိချုပ်သည် လျှောက်ထားသူအား မှတ်ပုံ တင်ကြေးနှင့် နှစ်စဉ်ကြေးပေးသွင်းစေလျက် ဥက္ကဋ္ဌကိုယ်တိုင် သို့မဟုတ် ဥက္ကဋ္ဌက အခွင့်အာဏာအပ်နှင်း ထားသူက လက်မှတ်ရေးထိုးထားသော သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။ မှတ်ပုံတင် အရာရှိချုပ်သည် ဤကဲ့သို့ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်များကို မှတ်ပုံတင်စာရင်း ရေးသွင်း ရမည်။

**မှတ်ပုံတင်ကန့်သတ်လက်မှတ်များ**

၆၂။ **မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ်။** အောက်ဖော်ပြပါ လိုက်နာရမည့် အချက်များကို လိုက်နာသော  နိုင်ငံခြားသား အင်ဂျင်နီယာအား အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့်

လုပ်ကိုင်ခွင့်ပြုသော အင်ဂျင်နီယာပညာရပ် အမျိုးအစား၊ အဆင့်အတန်း၊ နေရာဒေသနှင့် အချိန်ကာလ ကန့်သတ်ဖော်ပြပြီး မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်းကော်မတီက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် အကြောင်းကြားလျှင် မှတ်ပုံတင်အရာရှိချုပ်သည် လျှောက်ထားသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေး ပေးသွင်းစေလျက် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက အခွင့်အာဏာအပ်နှင်းထားသူက လက်မှတ်ရေးထိုး ထားသော မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာ လက်မှတ်ကို ထုတ်ပေးရမည်-

(က) မိမိနှင့်ပညာရပ်တူ နိုင်ငံခြားသား မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင် တစ်ဦး၏ လက်အောက်တွင် အလုပ်လုပ်ရမည်၊ (သို့မဟုတ်)

(ခ) မြန်မာနိုင်ငံသား မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်တစ်ဦး၏ လက်အောက်တွင် အလုပ်လုပ်ရမည်၊

(ဂ) နိုင်ငံခြားသားများ ဝင်ရောက်နေထိုင်ခွင့်နှင့်စပ်လျဉ်း၍ တည်ဆဲလူဝင်မှု ကြီးကြပ်ရေးဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်ရမည်၊

(ဃ) နိုင်ငံခြားသားများ၏ ဝင်ငွေပေါ်တွင် သတ်မှတ်ထားသော ပေးဆောင်ရမည့် ဝင်ငွေခွန်နှုန်းထား အတိုင်းပေးဆောင်ရမည်။

၆၃။ **မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ်**။ အင်ဂျင်နီယာလုပ်ငန်းများနှင့်စပ်လျဉ်း၍ အာဆီယံအပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံများအရ လိုက်နာရမည့် အောက်ပါအချက်များကို လိုက်နာသော အာဆီယံ နိုင်ငံခြားသားမှတ်ပုံတင်အင်ဂျင်နီယာပညာရှင်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ မဟုတ်သည့် နိုင်ငံများ၏ သက်ဆိုင်ရာမှတ်ပုံတင်အင်ဂျင်နီယာ အဖွဲ့အစည်းက ထုတ်ပေးထားသည့် သက်တမ်းရှိ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် ရရှိထားသော နိုင်ငံခြားသားမှတ်ပုံတင် အင်ဂျင်နီယာပညာရှင်များကို အလုပ်အမှုဆောင်အဖွဲ့က သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ စိစစ်သဘောတူညီချက်ဖြင့် လုပ်ကိုင်ခွင့်ပြုသော အင်ဂျင်နီယာပညာရပ် အမျိုးအစား၊ အဆင့်အတန်း၊ နေရာ ဒေသနှင့် အချိန်ကာလတို့ကို ကန့်သတ်ဖော်ပြပြီး မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်းကော်မတီက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် အကြောင်းကြားလျှင် မှတ်ပုံတင်အရာရှိချုပ်သည် လျှောက်ထားသူအား သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးပေးသွင်းစေလျက် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက အခွင့်အာဏာအပ်နှင်းထားသူက လက်မှတ် ရေးထိုးထားသော မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင် လက်မှတ်ကို ထုတ်ပေးရမည်-

(က) မြန်မာနိုင်ငံသား မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်တစ်ဦးနှင့် ပူးတွဲလုပ်ကိုင်ရမည်၊

(ခ) နိုင်ငံခြားသားများ ဝင်ရောက်နေထိုင်ခွင့်နှင့် စပ်လျဉ်း၍ တည်ဆဲလူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်ရမည်၊

(ဂ) နိုင်ငံခြားသားများ၏ ဝင်ငွေပေါ်တွင် သတ်မှတ်ထားသော ပေးဆောင်ရမည့် ဝင်ငွေခွန်နှုန်းထား အတိုင်း ပေးဆောင်ရမည်။

<ပြင်ဆင် 26.06.2021>

**မှတ်ပုံတင်လက်မှတ်လျှောက်ထားသူများ ဖြည့်ဆည်းရမည့် လိုအပ်ချက်များ**

၆၄။ **မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ။** ကောင်စီတွင် မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ လက်မှတ်လျှောက်ထားသော မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူသည် အောက်ပါလိုအပ်ချက်များကို ပြည့်မီအောင် ဖြည့်ဆည်းရမည်-

(က) **မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူအဆင့် ဖွံ့ဖြိုးရေးအစီအစဉ်သင်တန်း။** ဤသင်တန်းတွင် နည်းပညာ ဘာသာရပ်များကို ဆွေးနွေးပို့ချမည်ဖြစ်ပြီး လျှောက်ထားသူအားလုံး အနည်းဆုံး ၂၀ နာရီပြည့်အောင် တက်ရောက်သင်ကြားရမည်။ ဘာသာရပ်အသေးစိတ်နှင့် တက်ရောက်သင်ကြားရမည့် အသေးစိတ် စာရင်းကို သီးခြားညွှန်ကြားလွှာတွင် ဖော်ပြမည်။

(ခ) **မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူအဆင့် ဆန်းစစ်ချက်ရေးဖြေစာမေးပွဲ။** လျှောက်ထားသည့် မှတ်ပုံတင် နည်းပညာကျွမ်းကျင်သူအားလုံး ရေးဖြေစာမေးပွဲ ဖြေရမည်။ ဤဆန်းစစ်ချက်တွင် အခြေခံစာမေးပွဲနှင့် အဆင့်မြင့်စာမေးပွဲ နှစ်ပိုင်းပါဝင်မည်။ အခြေခံစာမေးပွဲအောင်မှသာ အဆင့်မြင့်စာမေးပွဲ ဖြေဆိုခွင့် ရမည်။ အခြေခံစာမေးပွဲဖြေဆိုချိန်သည် နံနက်ပိုင်း ၂ နာရီနှင့် ညနေပိုင်း ၂နာရီဖြစ်ပြီး အဆင့်မြင့် စာမေး ပွဲ ဖြေဆိုချိန်သည် နံနက်ပိုင်း ၂ နာရီနှင့် ညနေပိုင်း ၂နာရီဖြစ်သည်။ စာမေးပွဲများတွင် ဖြေဆိုရမည့် ဘာသာရပ်အသေးစိတ်ကို သီးခြားညွှန်ကြားလွှာတွင် ဖော်ပြမည်။

(ဂ) **မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူအဆင့် အတွေ့အကြုံနှင့် အရည်အသွေးပြည့်ဝမှုအစီရင်ခံစာ။** လျှောက်ထား သည့် မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူများသည် အစီရင်ခံစာကို စာလုံးရေ ၂၀၀၀ မှ ၄၀၀၀ အတွင်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြီး အစီရင်ခံစာစောင်ရေ ၅ စောင်တင်သွင်းရမည်။ အစီရင်ခံစာရေးသားရ မည့်ပုံစံကို သီးခြားညွှန်ကြားလွှာတွင် ဖော်ပြမည်။

(ဃ) **မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူအဆင့် လူတွေ့စစ်ဆေးခြင်း။** မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်း ကော်မတီက ဖွဲ့စည်းပေးသော အဖွဲ့ဝင်အနည်းဆုံး ၃ ဦး ပါဝင်သည့် အဖွဲ့၏လူတွေ့စစ်ဆေးမှုကို ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်ပြီး အစီရင်ခံစာ ရေးသားတင်သွင်းပြီးသော မှတ်ပုံတင်နည်းပညာ ကျွမ်းကျင်သူများအားလုံးက ခံယူရမည်။

<ပြင်ဆင် 09.10.2023>

၆၅။ **မှတ်ပုံတင်အင်ဂျင်နီယာ။** ကောင်စီတွင် မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် လျှောက်ထားသော အလုပ်သင်အင်ဂျင်နီယာသည် နည်းဥပဒေ ၅၅ ပါ သတ်မှတ်ချက်အရည်အချင်းများ ပြည့်မီအောင်

ဖြည့်ဆည်းရမည်။ ကောင်စီတွင် မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် လျှောက်ထားသော မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူသည် အောက်ပါလိုအပ်ချက်များကို ပြည့်မီအောင် ဖြည့်ဆည်းရမည်-

(က) **မှတ်ပုံတင်အင်ဂျင်နီယာအဆင့် ဖွံ့ဖြိုးရေးအစီအစဉ်သင်တန်း။** ဤသင်တန်းတွင် အင်ဂျင်နီယာ ဘာသာရပ်များကို ဆွေးနွေးပို့ချမည်ဖြစ်ပြီး လျှောက်ထားသူအားလုံး အနည်းဆုံး ၃၀ နာရီ ပြည့်အောင် တက်ရောက်သင်ကြားရမည်။ ဘာသာရပ်အသေးစိတ်နှင့် တက်ရောက်သင်ကြားရမည့် အချိန်အသေး စိတ်စာရင်းကို သီးခြားညွှန်ကြားလွှာတွင် ဖော်ပြမည်။

(ခ) **မှတ်ပုံတင်အင်ဂျင်နီယာအဆင့် ဆန်းစစ်ချက် ရေးဖြေစာမေးပွဲ။** လျှောက်ထားသည့် မှတ်ပုံတင် ဘွဲ့ရနည်းပညာကျွမ်းကျင်သူအားလုံး ရေးဖြေစာမေးပွဲဖြေရမည်။ ဤဆန်းစစ်ချက်တွင် အခြေခံ စာမေးပွဲ နှင့် အဆင့်မြင့်စာမေးပွဲ ပါဝင်သည်။ အခြေခံစာမေးပွဲအောင်မြင်မှသာ အဆင့်မြင့်စာမေးပွဲဖြေဆိုခွင့် ရမည်။ အခြေခံစာမေးပွဲဖြေဆိုချိန်သည် နံနက်ပိုင်း ၂ နာရီနှင့် ညနေပိုင်း ၂နာရီဖြစ်ပြီး အဆင့်မြင့် စာမေး ပွဲ ဖြေဆိုချိန်သည် နံနက်ပိုင်း ၂ နာရီနှင့် ညနေပိုင်း ၂နာရီဖြစ်သည်။ စာမေးပွဲတွင် ဖြေဆိုရမည့် ဘာသာရပ်အသေးစိတ်ကို သီးခြားညွှန်ကြားလွှာတွင် ဖော်ပြမည်။

(ဂ) **မှတ်ပုံတင်အင်ဂျင်နီယာအဆင့် အတွေ့အကြုံနှင့် အရည်အသွေး ပြည့်ဝမှုအစီရင်ခံစာ။** လျှောက် ထားသည့် မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူများသည် အစီရင်ခံစာကို စာလုံးရေ ၂၀၀၀ မှ ၄၀၀၀ အတွင်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြီး အစီရင်ခံစာစောင်ရေ ၅ စောင် တင်သွင်းရမည်။ အစီရင်ခံစာ ရေးသားရမည့်ပုံစံကို သီးခြားညွှန်ကြားလွှာတွင် ဖော်ပြမည်။

(ဃ) **မှတ်ပုံတင်အင်ဂျင်နီယာအဆင့် လူတွေ့စစ်ဆေးခြင်း။** မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်း ကော်မတီက ဖွဲ့စည်းပေးသော အဖွဲ့ဝင်အနည်းဆုံး ၃ ဦး ပါဝင်သည့် အဖွဲ့၏ လူတွေ့စစ်ဆေးမှုကို ရေးဖြေ စာမေးပွဲဖြေဆိုအောင်မြင်ပြီး အစီရင်ခံစာ ရေးသားတင်သွင်းပြီးသော မှတ်ပုံတင်ဘွဲ့ရ နည်းပညာ ကျွမ်းကျင်သူများအားလုံးက ခံယူရမည်။

<ပြင်ဆင် 09.10.2023>

၆၆။ **မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ။** ကောင်စီတွင် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် လျှောက်ထားသော မှတ်ပုံတင်အင်ဂျင်နီယာသည် အောက်ပါလိုအပ်ချက်များကို ပြည့်မီအောင် ဖြည့် ဆည်းရမည်-

(က) **မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာအဆင့် ဖွံ့ဖြိုးရေးအစီအစဉ်သင်တန်း။** ဤသင်တန်းတွင် အင်ဂျင်နီယာဘာသာရပ် များကို ဆွေးနွေးပို့ချမည်ဖြစ်ပြီး လျှောက်ထားသူအားလုံး အနည်းဆုံး ၃၀ နာရီပြည့်အောင် တက်ရောက် သင်ကြားရမည်။ ဘာသာရပ်အသေးစိတ်နှင့် တက်ရောက်သင်ကြားရမည့် အချိန်အသေးစိတ် စာရင်းကို သီးခြားညွှန်ကြားလွှာတွင် ဖော်ပြမည်။

(ခ) **မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာအဆင့် ဆန်းစစ်ချက်ရေးဖြေစာမေးပွဲ။** လျှောက်ထားသည့် မှတ်ပုံတင်အင်ဂျင်နီယာ အားလုံး ရေးဖြေစာမေးပွဲ ဖြေရမည်။ ဤဆန်းစစ်ချက်တွင် အခြေခံစာမေးပွဲနှင့် အဆင့်မြင့်စာမေးပွဲ နှစ်ပိုင်းပါဝင်သည်။ အခြေခံစာမေးပွဲအောင်မြင်မှ အဆင့်မြင့် ဖြေဆိုခွင့် ရမည်။ အခြေခံစာမေးပွဲဖြေဆို ချိန်သည် နံနက်ပိုင်း ၂ နာရီနှင့် ညနေပိုင်း ၂ နာရီဖြစ်ပြီး အဆင့်မြင့် စာမေးပွဲ ဖြေဆိုချိန်သည် နံနက်ပိုင်း ၂ နာရီနှင့် ညနေပိုင်း ၂ နာရီဖြစ်သည်။ ဖြေဆိုရမည့် ဘာသာရပ်အသေးစိတ်ကို သီးခြားညွှန်ကြားလွှာ တွင် ဖော်ပြမည်။

(ဂ) **မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာအဆင့် အတွေ့အကြုံနှင့် အရည်အသွေးပြည့်ဝမှု အစီရင်ခံစာ။** လျှောက်ထားသည့် မှတ်ပုံတင်အင်ဂျင်နီယာများသည် အစီရင်ခံစာ ရေးသားတင်သွင်းရမည်။ အစီရင်ခံစာကို စာလုံးရေ ၂၀၀၀ မှ ၄၀၀၀ အတွင်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြီး အစီရင်ခံစာစောင်ရေ ၅ စောင် တင်သွင်း ရမည်။ အစီရင်ခံစာ ရေးသွင်းရမည့်ပုံစံကို သီးခြားညွှန်ကြားလွှာတွင် ဖော်ပြမည်။

(ဃ) **မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာအဆင့် လူတွေ့စစ်ဆေးခြင်း။** မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်း ကော်မတီက ဖွဲ့စည်းပေးသော အဖွဲ့ဝင်အနည်းဆုံး ၃ ဦး ပါဝင်သည့် အဖွဲ့၏လူတွေ့စစ်ဆေးမှုကို ရေးဖြေစာမေးပွဲ ဖြေ ဆိုအောင်မြင်ပြီး အစီရင်ခံစာရေးသားတင်သွင်းပြီးသော မှတ်ပုံတင်အင်ဂျင်နီယာအားလုံးက ခံယူရမည်။ <ပြင်ဆင် 09.10.2023>

၆၇။ **မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်။** ကောင်စီတွင် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် လျှောက်ထားသော မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာသည် အောက်ပါလိုအပ်ချက်များကို ပြည့်မီ အောင်ဖြည့်ဆည်းရမည်-

(က) **မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်အဆင့် ဖွံ့ဖြိုးရေးအစီအစဉ်သင်တန်း။** ဤသင်တန်းတွင် အင်ဂျင်နီယာဘာသာရပ်များကို ဆွေးနွေးပို့ချမည်ဖြစ်ပြီး လျှောက်ထားသူအားလုံး အနည်းဆုံး ၃၀ နာရီပြည့်အောင် တက်ရောက်သင် ကြားရမည်။ ဘာသာရပ်အသေးစိတ်နှင့် တက်ရောက်သင်ကြားရမည့် အချိန်အသေးစိတ်ကို သီးခြား ညွှန်ကြားလွှာတွင် ဖော်ပြမည်။

(ခ) **မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်အဆင့် ဆန်းစစ်ချက်ရေးဖြေစာမေးပွဲ။** လျှောက်ထားသည့် မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာအားလုံး ရေးဖြေစာမေးပွဲ ဖြေဆိုရမည်။ ဤဆန်းစစ်ချက်တွင် အခြေခံစာမေးပွဲနှင့် အဆင့် မြင့်စာမေးပွဲ နှစ်ပိုင်းပါဝင်သည်။ အခြေခံစာမေးပွဲအောင်မြင်မှ အဆင့်မြင့်စာမေးပွဲ ဖြေဆိုခွင့် ရမည်။ အခြေခံစာမေးပွဲဖြေဆိုချိန်သည် နံနက်ပိုင်း ၂ နာရီနှင့် ညနေပိုင်း ၂နာရီဖြစ်ပြီး အဆင့်မြင့် စာမေးပွဲ ဖြေဆိုချိန်သည် နံနက်ပိုင်း ၂ နာရီနှင့် ညနေပိုင်း ၂နာရီဖြစ်သည်။ စာမေးပွဲတွင် ဖြေဆိုရမည့် ဘာသာ ရပ်အသေးစိတ်ကို သီးခြားညွှန်ကြားလွှာတွင် ဖော်ပြမည်။

Myanmar Law Information System (MLIS)

(ဂ) **မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်အဆင့် အတွေ့အကြုံနှင့် အရည်အသွေးပြည့်ဝမှုအစီရင်ခံစာ။**

လျှောက်ထားသည့် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာများသည် အစီရင်ခံစာကို စာလုံးရေ ၂၀၀၀ မှ ၄၀၀၀ အတွင်း အင်္ဂလိပ်ဘာသာဖြင့် ရေးသား၍ အစီရင်ခံစာစောင်ရေ ၅ စောင် တင်သွင်းရမည်။ အစီရင်ခံစာ ရေးသား ရမည့်ပုံစံကို သီးခြားညွှန်ကြားလွှာတွင် ဖော်ပြမည်။

(ဃ) **မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်အဆင့် လူတွေ့စစ်ဆေးခြင်း။**

မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်း ကော်မတီကဖွဲ့ စည်းပေးသော အဖွဲ့ဝင်အနည်းဆုံး ၃ ဦး ပါဝင်သည့် အဖွဲ့၏ လူတွေ့စစ်ဆေးမှုကို ရေးဖြေစာမေးပွဲဖြေဆို အောင်မြင်ပြီး အစီရင်ခံစာ ရေးသားတင်သွင်းပြီးသော မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာ အားလုံးက ခံယူရမည်။

<ပြင်ဆင် 09.10.2023>

**ကင်းလွတ်ခွင့်**

၆၈။ မှတ်ပုံတင်လက်မှတ် လျှောက်ထားသောသူများ ဖြည့်ဆည်းရမည့်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤနည်းဥပဒေ အခန်း (၈) ပါ သတ်မှတ်ချက်များကို အထူးကိစ္စတစ်ရပ်အနေဖြင့် ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့ခွင့်ပေးရန် မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီက အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြလာပါက အလုပ်အမှုဆောင်အဖွဲ့သည် ကောင်စီသို့ ဆက်လက်တင်ပြရမည်။ ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်ကာ ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့ခွင့် ပြုနိုင်သည်။

<ပြင်ဆင် 26.06.2021>

**မှတ်ပုံတင်ကာလ**

၆၉။ ကောင်စီကထုတ်ပေးသော မှတ်ပုံတင်လက်မှတ်များ၏ သက်တမ်းသည် အဆိုပါလက်မှတ်ကို ထုတ်ပေးသည့်နေ့ရက်မှစ၍ ၂ နှစ်ဖြစ်သည်။

<ပြင်ဆင် 26.06.2021>

**မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခြင်း**

၇၀။ မှတ်ပုံတင်လက်မှတ်ရသူများသည် မှတ်ပုံတင်လက်မှတ်ထုတ်ပေးစဉ်က သတ်မှတ်ပေးလိုက်သော သက်တမ်းကုန်ဆုံးချိန်တွင် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့ လျှောက်ထားရမည်။ မှတ်ပုံတင်လက်မှတ် စိစစ်ရေး လုပ်ငန်းကော်မတီက သက်တမ်းတိုးမြှင့်ပေးရန် သဘောတူပါက နှစ်စဉ်ကြေးပေးသွင်းစေလျက် မှတ်ပုံ တင်သက်တမ်းတိုးမြှင့်ပေးရမည်။ သတ်မှတ်ကာလထက် ကျော်လွန်လျှင် နှစ်စဉ်ကြေးအပြင် ရက်လွန် ကြေးပေးသွင်းပြီး လျှောက်ထားနိုင်သည်။

**မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း**

၇၁။ **အလုပ်အမှုဆောင်အဖွဲ့သည်**

Myanmar Law Information System (MLIS)

(က) အောက်ပါအကြောင်းအချက်တစ်ရပ်ရပ် စိစစ်တွေ့ရှိရလျှင် မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်နိုင်သည်-

(၁) အကျင့်စာရိတ္တနှင့် သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်မှုကြောင့် ထောင်ဒဏ်ချမှတ်ခံရ ခြင်း၊

(၂) ကိုယ်ကျင့်တရား ပျက်ယွင်းသည်ဟု ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေး လုပ်ငန်းကော်မတီ သို့မဟုတ် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီက စစ်ဆေးတွေ့ရှိခြင်း၊

(၃) စိတ်ရောဂါစွဲကပ်ခြင်း၊ အသိဉာဏ် ပျက်ယွင်းခြင်း၊ သို့မဟုတ် ကိုယ်အင်္ဂါချို့ယွင်းခြင်းကြောင့် ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ မှတ်ပုံတင်လက်မှတ် ကိုင်ဆောင်သူ၏ လုပ်ငန်း တာဝန်များကို ထမ်းဆောင်နိုင်စွမ်း မရှိခြင်း။

(ခ) ဤကဲ့သို့ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းခံရသူ၏ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ကြောင်း မှတ်ပုံတင်အရာရှိချုပ်သို့ စာဖြင့် အကြောင်းကြားရမည်။

**အယူခံခြင်း**

၇၂။ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းခံရသူသည် အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် ဤကဲ့သို့ ဆုံးဖြတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံ ဝင်နိုင်သည်။

၇၃။ ကောင်စီသည် နည်းဥပဒေ ၇၂ အရ အယူခံမှုတွင် အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

**မှတ်ပုံတင်လက်မှတ် အသစ်ပြန်လည်လျှောက်ထားခြင်း**

၇၄။ မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်းခံရသူသည် မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခံရပြီးနောက် ၃ နှစ်နှင့် အထက်ကျော်လွန်သော ကာလတွင် မှတ်ပုံတင်လက်မှတ်အသစ် ပြန်လည်လျှောက်ထားလိုပါက ကောင်စီတွင် လာရောက်လျှောက်ထားနိုင်သည်။

## အခန်း (၉)

## မှတ်ပုံတင်လက်မှတ်ရသူများ၏ တာဝန်နှင့်ရပိုင်ခွင့်များ

၇၅။ ကောင်စီကထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရရှိထားသူများသည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ၊ ဥပဒေအရ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည့်အပြင် ကောင်စီက သတ်မှတ်ထားသော ကျင့်ဝတ်သိက္ခာများကိုလည်း လိုက်နာစောင့်ထိန်းရမည်။

<ပြင်ဆင် 26.06.2021>

Myanmar Law Information System (MLIS)

၇၆။ မည်သည့်မှတ်ပုံတင်လက်မှတ် ရရှိသူမဆို နည်းဥပဒေ ၇၅ နှင့်အညီ လိုက်နာမှုမရှိပါက စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရလည်းကောင်း၊ ဥပဒေကြောင်းအရလည်းကောင်း၊ နည်းလမ်းနှစ်ရပ်စလုံးအရသော်လည်းကောင်း အရေးယူခြင်းခံရမည်။

<ပြင်ဆင် 26.06.2021>

၇၇။ မိမိပညာရပ်နှင့်သက်ဆိုင်သော သတ်မှတ်ထားသည့် အင်ဂျင်နီယာပညာနှင့် နည်းပညာလုပ်ငန်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တရားဝင်လုပ်ကိုင်ခွင့်ရှိသည်။

၇၈။ မှတ်ပုံတင်လက်မှတ်ရထားသော နည်းပညာကျွမ်းကျင်သူ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် အင်ဂျင်နီယာများသည် မိမိအမည်နှင့် ယှဉ်တွဲ အသုံးပြုနိုင်သော အခေါ်အဝေါ်များကို အောက်ပါအတိုင်း သုံးစွဲခွင့် ရှိသည်-

(က) **မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ်။** မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူ လက်မှတ်ရရှိထားသူသည် ကောင်စီက အသိအမှတ်ပြုထားသည့် ကာလအတွင်း အမည်နောက်တွင် (R.Tech.)ဟု တပ်ဆင်သုံးစွဲခွင့်ရှိသည်။

(ခ) **မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ်။** မှတ်ပုံတင်ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် ကောင်စီကအသိအမှတ်ပြုထားသည့် ကာလအတွင်း အမည်နောက်တွင် (R.G.Tech.) ဟု တပ်ဆင်သုံးစွဲခွင့်ရှိသည်။

(ဂ) **မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်။** မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ရရှိထားသူသည် ကောင်စီက အသိအမှတ်ပြုထားသည့် ကာလအတွင်း အမည်ရှေ့တွင် (Engr.) ဟူ၍လည်းကောင်း၊ အမည်နောက် တွင် (R.E.) ဟူ၍လည်းကောင်း တပ်ဆင်သုံးစွဲခွင့် ရှိသည်။

(ဃ) **မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်။** မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်ရရှိထားသူသည် ကောင်စီက အသိအမှတ်ပြုထားသည့် ကာလအတွင်း အမည်ရှေ့တွင် (Engr.) ဟူ၍လည်းကောင်း၊ အမည်နောက်တွင် (R.S.E.) ဟူ၍လည်းကောင်း တပ်ဆင်သုံးစွဲခွင့် ရှိသည်။

(င) **မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်။** မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်ရရှိထားသူ သည် ကောင်စီက အသိအမှတ်ပြုထားသည့် ကာလအတွင်း အမည်ရှေ့တွင် (Engr.) ဟူ၍လည်း ကောင်း၊ အမည်နောက်တွင် (P.E) ဟူ၍လည်းကောင်း တပ်ဆင်သုံးစွဲခွင့် ရှိသည်။

၇၈-က။ ဤနည်းဥပဒေများအရ ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုး သို့မဟုတ် တံဆိပ်တစ်မျိုးမျိုးကို တုပပြုလုပ်ခြင်း၊ ကောင်စီနှင့် စင်ပြိုင်ဖွဲ့စည်းခြင်း၊ မမှန်ကန်သော နည်းလမ်းများဖြင့် မှတ်ပုံတင်ခြင်း စသည့် ဥပဒေနှင့်မညီသော ဆောင်ရွက်ချက်များကို မပြုလုပ်ရ။

<ပြင်ဆင် 26.06.2021>

၇၉။ မှတ်ပုံတင်လက်မှတ်ရသူများသည် ကောင်စီ၏လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့အကြံပြုခွင့်ရှိသည်။

၈၀။ မှတ်ပုံတင်လက်မှတ်ရသူများသည် မိမိ၏နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏ အကြံဉာဏ်ကိုလည်း ရယူခွင့်ရှိသည်။

၈၁။ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များသည် ကောင်စီက သတ်မှတ်သည့် အရည်အချင်းပြည့်မီလျှင် ကောင်စီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိသည်။

## အခန်း(၁၀)

## စည်းကမ်းထိန်းသိမ်းရေး

### စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ

၈၂။ ဤဥပဒေနှင့်အညီ ကောင်စီ၏ မှတ်ပုံတင်လက်မှတ်ကိုင်ဆောင်ထားသော မှတ်ပုံတင်အင်ဂျင်နီယာ၊ မှတ်ပုံတင်ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ၊ မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူနှင့် ကောင်စီက စိစစ်အသိအမှတ်ပြုထားသော အင်ဂျင်နီ ယာပညာရပ်ဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၏စည်းကမ်းထိန်းသိမ်းရေးသည် ကောင်စီ တစ်ခုလုံး ၏ တာဝန်ဖြစ်သည်။ ကောင်စီသည် အဆိုပါ စည်းကမ်းထိန်းသိမ်းရေး တာဝန်ကိုပီပီပြင်ပြင် ဆောင်ရွက် နိုင်ရန်အတွက် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီကို တာဝန်ပေးအပ်ရမည်။

<ပြင်ဆင် 26.06.2021>

### ၈၃။ စုံစမ်းစစ်ဆေးခံရသူ၏ အခွင့်အရေးများ

အကြောင်းတစ်စုံတစ်ရာကြောင့် ကောင်စီ၏စုံစမ်းစစ်ဆေးအရေးယူခြင်းခံရသူသည်-

(က) ပြစ်ချက်နှင့်ပတ်သက်၍ လုံလောက်သောရှင်းလင်းချေပခွင့်ရှိသည်၊

(ခ) သက်ဆိုင်ရာစုံစမ်းမှုကို အရေးယူခံရသူ၏ ရှေ့မှောက်တွင် စစ်ဆေးကြားနာစေခွင့်ရှိသည်၊

(ဂ) အရေးယူခံရသူအပေါ် တင်ထားသောစွဲချက်ကို လုံလောက်သောအချိန်အတွင်း စာဖြင့်ရှင်းလင်းချေပခွင့်ရှိသည်၊

(ဃ) နှုတ်ဖြင့် စစ်ဆေးခံလိုလျှင်လည်း စစ်ဆေးခံနိုင်ခွင့်ရှိသည်၊ ကိုယ်တိုင်သက်သေအဖြစ်လည်း အစစ်ဆေးခံနိုင်ခွင့်ရှိသည်၊ သက်သေများကိုလည်း ပြန်လည်စစ်မေးခွင့်ရှိသည်၊

(င) အရေးယူခံရသူသည် မိမိအားကူညီရန် ကျွမ်းကျင်မှု အကူအညီပေးနိုင်သူ သို့မဟုတ် မိတ်ဆွေအား လိုက်ပါဆောင်ရွက်ရန် အကူအညီတောင်းခံပိုင်ခွင့်ရှိသည်။

### တိုင်ကြားခြင်း

၈၄။ မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူ သို့မဟုတ် မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ သို့မဟုတ် မှတ်ပုံတင်အင်ဂျင်နီယာ သို့မဟုတ် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ သို့မဟုတ် မှတ်ပုံတင် အင်ဂျင်နီ ယာပညာရှင် သို့မဟုတ် အင်ဂျင်နီယာလုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီတစ်ခုခုအပေါ် တိုင်ကြား လိုသူ မည်သူမဆို ကောင်စီ၏ မှတ်ပုံတင်အရာရှိချုပ်ထံစာဖြင့်ရေးသားတိုင်ကြားနိုင်သည်။ ထိုအခါ မှတ် ပုံတင် အရာရှိချုပ်က အဆိုပါကိစ္စကို အလုပ်အမှုဆောင်အဖွဲ့သို့ ဆက်လက်တင်ပြရမည်။

Myanmar Law Information System (MLIS)

၈၅။ တိုင်ကြားစာလက်ခံရရှိသော အလုပ်အမှုဆောင်အဖွဲ့က တိုင်ကြားစာတွင် လုံလောက်သော အကြောင်းပြချက်ပါရှိနိုင်သည်ဟု ယုံကြည်လျှင် အဆိုပါကိစ္စကို စုံစမ်းစစ်ဆေးရန် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီအား လွှဲပြောင်းတာဝန်ပေးအပ်ရမည်။

၈၆။ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီသည် မှတ်ပုံတင်လက်မှတ်ကိုင်ဆောင်သူ တစ်ဦးဦး သို့မဟုတ် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ကုမ္ပဏီတစ်ခုခု၏ စည်းကမ်းဖောက်ဖျက်မှုအတွက် စုံစမ်းစစ်ဆေးရန် မိမိအဖွဲ့ဝင်များအနက်မှ အဖွဲ့ဝင် ၃ဦး ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

**စုံစမ်းစစ်ဆေးခြင်း**

၈၇။ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီက ဖွဲ့စည်းသော စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးမှုများမစတင်မီ မှတ်ပုံတင်အရာရှိချုပ်သည် တိုင်ကြားခံရသော မှတ်ပုံတင်လက်မှတ်ကိုင်ဆောင် သူတစ်ဦးဦး သို့မဟုတ် အင်ဂျင်နီယာလုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီထံသို့ ၎င်းအားတိုင်ကြားထားသော အကြောင်းအရာများ ဖော်ပြထားသော စာရေးသား၍ အသိပေးကာ ၎င်းတို့ထံမှ တိုင်ကြားချက်နှင့် စပ်လျဉ်းသော ဖြေရှင်းစာကို အသိပေးအကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ၁၄ရက်အတွင်း ပြန်လည်ပေးပို့ဖြေရှင်းရန် သို့မဟုတ် လိုအပ်ပါက စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီသို့ လူ ကိုယ်တိုင်လာရောက် ဖြေရှင်းတင်ပြရန် အကြောင်းကြားရမည်။

၈၈။ တိုင်ကြားခံရသူ၏ ပြန်လည်ဖြေရှင်းချက်ကို ဖတ်ရှုကြားနာပြီးဖြစ်၍ တိုင်ကြားခံရသူဘက်မှ လုံလောက်သော ခုခံချေပခွင့်ရရှိပြီးဖြစ်သည်ဟု ယုံကြည်ရလောက်သည့် အထက်နည်းဥပဒေ ၈၇ပါ သတ်မှတ်ရက်ကျော်လွန်ပြီးမှ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးခြင်း စတင်ရမည်။

၈၉။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် တရားဝင်စုံစမ်းစစ်ဆေးရန် အတွက် မည်သူ့ကိုမဆို-

(က) စုံစမ်းစစ်ဆေးရေးအဖွဲ့ ရှေ့မှောက်တွင် လူကိုယ်တိုင်လာရောက် စစ်ဆေးခံရန် သော်လည်းကောင်း၊

(ခ) ထိုသူ၏ လက်ဝယ်တွင်ရှိပြီး စုံစမ်းစစ်ဆေးနေသော အမှုကိစ္စနှင့် ဆက်စပ်ပတ်သက်သည့် စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများနှင့် အခြားသက်သေခံ အထောက်အထားများကို အဖွဲ့တွင် လာရောက် တင်ပြရန်သော်လည်းကောင်း ဆင့်ခေါ်ခွင့်ရှိရမည်။

၉၀။ သက်သေထွက်ဆိုသူသည် တရားဥပဒေနှင့်ညီသော ကင်းလွတ်ခွင့်မရရှိဘဲ စုံစမ်းစစ်ဆေးရေးအဖွဲ့ ၏ လိုလားချက်ကို ငြင်းပယ်ခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်ခြင်း သို့မဟုတ် အဖွဲ့တွင် ဖြေဆိုရန် ငြင်းဆန်ခြင်း သို့မဟုတ် အဖွဲ့၏ မေးခွန်းတစ်စုံတစ်ရာကို မမှန်မကန် လိမ်လည်ဖြေဆိုခြင်းတို့ မပြုလုပ်ရ။ ထိုတားမြစ်ချက်ကို ဖောက်ဖျက်ပါက ဥပဒေပုဒ်မ ၄၃ အရ အရေးယူခြင်း ခံရမည်။



Myanmar Law Information System (MLIS)

၉၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့ရှေ့မှောက်တွင် သက်သေထွက်ဆိုသူ မည်သူမဆိုသည် တရားရုံးတစ်ခုခုတွင် ထွက်ဆိုသည့်အလား၊ အလားတူအခွင့်အရေးနှင့် တရားဥပဒေ၏ အကာအကွယ်များ ရရှိရမည်။

၉၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့အား ဥပဒေအကြံပေးရန်အတွက် ကောင်စီသည် ကောင်စီ၏ ရန်ပုံငွေမှ ကျခံပြီး ရှေ့နေတစ်ဦးငှားခွင့်ရှိသည်။

၉၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီက သီးခြားခွင့်ပြုချက် မရှိလျှင် ၎င်း၏ စုံစမ်းစစ်ဆေးမှုကို စုံစမ်းစစ်ဆေးမှုစတင်သည့်နေ့မှ ဖလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရမည်။

**စီရင်ဆုံးဖြတ်ခြင်း**

၉၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုပြီးဆုံးသည့်အခါ ၎င်း၏ တွေ့ရှိချက်များနှင့် ထင်မြင်ယူဆချက်များပါဝင်သော အဖွဲ့၏ အစီရင်ခံစာကို စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်း ကော်မတီသို့ တင်သွင်းရမည်။

၉၅။ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီသည် အစီရင်ခံစာအရ-

(က) တိုင်ကြားချက်သည် အခြေအမြစ်မရှိသော စွပ်စွဲချက်ဖြစ်သည်ဟု ယုံကြည်ယူဆလျှင် ဤသို့ ယုံကြည်ယူဆကြောင်း အထောက်အထားပြည့်စုံစွာ ဖော်ပြလျက် အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

(ခ) တိုင်ကြားချက်တွင် ခိုင်လုံသော သက်သေအထောက်အထားများပါဝင်ကြောင်း တွေ့ရှိရလျှင် စုံစမ်းစစ်ဆေးရေးအဖွဲ့၏အစီရင်ခံစာကို စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၏ အကြံပြုချက်နှင့် တကွ အလုပ်အမှုဆောင်အဖွဲ့သို့ တင်သွင်းရမည်။

၉၆။ အလုပ်အမှုဆောင်အဖွဲ့သည် တိုင်ကြားခံရသူတွင် အပြစ်မရှိဟု ဆုံးဖြတ်လျှင် တိုင်ကြားစာကို ပလပ်နိုင်သည်။ တိုင်ကြားခံရသူတွင် အပြစ်ရှိသည်ဟု ဆုံးဖြတ်လျှင် အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုး ချမှတ်နိုင်သည်-

(က) တိုင်ကြားခံရသူအား စာဖြင့်ပြင်းထန်စွာ ပြစ်တင်သတိပေးခြင်း၊

(ခ) တိုင်ကြားခံရသူအား ကျပ်ငွေ ၅၀၀,၀၀၀ ထက်မပိုသော ဒဏ်ငွေချမှတ်ခြင်း၊

(ဂ) တိုင်ကြားခံရသူအား ၂ နှစ်ထက်မပိုသော ကာလအတွက် အင်ဂျင်နီယာလုပ်ငန်း လုပ်ဆောင်ခွင့် ပိတ်ပင်ခြင်း၊

(ဃ) တိုင်ကြားခံရသူ၏ မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်း။

၉၇။ မှတ်ပုံတင်အရာရှိချုပ်သည် အလုပ်အမှုဆောင်အဖွဲ့က ချမှတ်သော စီရင်ဆုံးဖြတ်ချက်ကို တိုင်ကြားခံရသူထံ စာဖြင့်ရေးသားပေးပို့ရမည်။

**အခန်း(၁၁)**

**အယူခံခြင်း**



Myanmar Law Information System (MLIS)

၉၈။ အလုပ်အမှုဆောင်အဖွဲ့က ချမှတ်သည့် ပြစ်ဒဏ် (သို့မဟုတ်) ဆုံးဖြတ်ချက်ကို ကျေနပ်ခြင်းမရှိလျှင် ပြစ်ဒဏ်ချမှတ်ခံရသူသည် စီရင်ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

၉၉။ အယူခံလွှာကို ကောင်စီဥက္ကဋ္ဌထံ တိုက်ရိုက်လိပ်မူ၍ လျှောက်ထားရမည်။

၁၀၀။ အယူခံလွှာတွင် ပြစ်ဒဏ်ချမှတ်ခံရသူတွင် အပြစ်မရှိကြောင်း ပေါ်လွင်စေသော အထောက်အထားများပြည့်စုံစွာ ဖော်ပြလျက် လိုအပ်လျှင် သက်သေအထောက်အထားများကို အယူခံလွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၁၀၁။ ကောင်စီသည် အယူခံလွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကောင်စီအထူးအစည်းအဝေး ခေါ်ယူပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာနှင့် အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်တို့အပေါ် စိစစ်သုံးသပ်ရာတွင် အယူခံသူနှင့် အယူခံလျှောက်ထားခံရသူတို့ကို ကြားနာခွင့်ပေးရမည်။ ကောင်စီသည် ကောင်စီဝင်အများစု၏ သဘောတူညီချက်ဖြင့် အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။ ကောင်စီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

<ပြင်ဆင် 26.06.2021>

## အခန်း(၁၂)

## တားမြစ်ထားသော လုပ်ငန်းများနှင့် ကန့်သတ်ခွင့်ပြုထားသော လုပ်ငန်းများ

၁၀၂။ အများပြည်သူဘေးအန္တရာယ်ဖြစ်စေနိုင်မည့် အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်-

**(က) မြို့ပြအင်ဂျင်နီယာလုပ်ငန်းများ**

(၁) ပန်းဆွဲအထိ အမြင့် ၆ မီတာထက်ပိုမြင့်ပြီး၊ ကြမ်းခင်းဧရိယာ ၁၀၀ စတုရန်းမီတာထက် ပိုကျယ်သော (စာသင်ကျောင်း၊ ဆေးရုံ၊ ရုပ်ရှင်ရုံ၊ အားကစားရုံ၊ မြို့တော်ခန်းမ၊ ကုန်တိုက်ကြီးများ စသည်ကဲ့ သို့) အများပြည်သူသုံး အဆောက်အအုံများ၊

(၂) သာမန်မြေလမ်း၊ ကျောက်ကြမ်းလမ်းနှင့် ကျောက်ချောလမ်းများမဟုတ်သည့် လမ်းမကြီးအဆင့်ဝင် သော လမ်းများ၊

(၃) ခန်းပွင့် ၆ မီတာတစ်ခန်းနှင့် ခံနိုင်ဝန် ၁၂တန်ထက်ပိုများသော သစ်သား၊ သံမဏိနှင့်သံကူကွန်ကရစ် တံတားများ၊

(၄) အမြင့် ၆မီတာထက်ပိုသော မြေသားတာတမံများ၊

(၅) သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့် စည်ပင်သာယာရေးကော်မတီများက တားမြစ်ထားသော မြို့ပြ လုပ်ငန်းများ၊

(၆) တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်ကောင်စီက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့်လုပ်ငန်းများ။

**(ခ) စက်မှုအင်ဂျင်နီယာလုပ်ငန်းများ**

(၁) ၁ဝဝ ကီလိုဝပ်အထက် အပူပေးစက်၊ လေဝင်လေထွက်စက်နှင့် လေအေးပေးစက် တပ်ဆင်ခြင်း လုပ်ငန်းများ၊

(၂) ၁ဝဝ ကီလိုဝပ်အထက် စက်မှုအလုပ်ရုံလုပ်ငန်းများ၊

(၃) ၁ဝဝ ကီလိုဝပ်အထက် သံထည်နှင့် သတ္တုလုပ်ငန်းများ၊

(၄) မြင်းကောင်ရေ ၂၅ အထက် စက်၊ ယာဉ်နှင့် ယန္တရားတည်ဆောက်ခြင်းလုပ်ငန်း၊

(၅) မြင်းကောင်ရေ ၂ဝ အထက် စက်တပ်ရေယာဉ် တည်ဆောက်ခြင်းလုပ်ငန်းများ၊

(၆) ၂တန်အထက် ဘွိုင်လာပြုပြင်ခြင်းလုပ်ငန်းများ၊

(၇) သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့် အစိုးရအဖွဲ့အစည်းများက တားမြစ်ထားသော စက်မှုလုပ်ငန်း များ၊

(၈) တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်ကောင်စီက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့်လုပ်ငန်းများ။

**(ဂ) လျှပ်စစ်စွမ်းအား အင်ဂျင်နီယာလုပ်ငန်းများ**

(၁) ၅ဝ ကီလိုဝပ်၊ ၄ဝဝ ဗို့အထက် မော်တာပြုပြင်ခြင်းလုပ်ငန်းများ၊

(၂) ၄ဝဝ ဗို့အထက် အားသုံးအိမ်တွင်းလျှပ်စစ် တပ်ဆင်ရေးလုပ်ငန်းများ၊

(၃) ၅ဝ ကေဗွီအေ အထက်ထရန်စဖော်မာပြုပြင်ခြင်းနှင့် လုပ်ငန်းခွင်တွင် တပ်ဆင်ခြင်း လုပ်ငန်းများ၊

(၄) ၄ဝဝ ဗို့အထက် လျှပ်စစ်ဓာတ်အားလိုင်း တပ်ဆင်ပြုပြင်ခြင်းလုပ်ငန်းများ၊

(၅) သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့် အစိုးရအဖွဲ့အစည်းများက တားမြစ်ထားသော လျှပ်စစ်လုပ် ငန်းများ၊

(၆) တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်ကောင်စီက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့်လုပ်ငန်းများ။

(ဃ) **ကျန်အထူးပြုအင်ဂျင်နီယာလုပ်ငန်းများ။** ကျန်အထူးပြုအင်ဂျင်နီယာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကောင်စီသည် တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ရမည်။

<ပြင်ဆင် 26.06.2021>

Myanmar Law Information System (MLIS)

၁၀၃။ မှတ်ပုံတင်အင်ဂျင်နီယာ၊ မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူနှင့် မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူတို့သည် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် (သို့မဟုတ် ) မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ တစ်ဦးဦး၏ ကွပ်ကဲမှုဖြင့်သာ အင်ဂျင်နီယာလုပ်ငန်းများ လုပ်ကိုင်ခွင့်ရှိသည်။

၁၀၄။ မှတ်ပုံတင် အကြီးတန်းအင်ဂျင်နီယာသည် မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်၏ ကွပ်ကဲမှုမပါဘဲ ဤနည်းဥပဒေက ကန့်သတ်ခွင့်ပြုထားသော အောက်ပါအင်ဂျင်နီယာလုပ်ငန်းများကို ဒီဇိုင်းတွက်ချက်ခြင်း၊ ပုံစံများတွင် လက်မှတ်ရေးထိုးခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများ လုပ်ကိုင်နိုင်သည်-

**(က) မြို့ပြအင်ဂျင်နီယာလုပ်ငန်းများ**

(၁) ပန်းဆွဲအထိ အမြင့် ၂၈ မီတာထက်မမြင့်၊ ကြမ်းခင်းဧရိယာ ၁၀၀၀ စတုရန်းမီတာထက် မကျယ်သော (စာသင်ကျောင်း၊ ဆေးရုံ၊ ရုပ်ရှင်ရုံ၊ အားကစားရုံ၊ မြို့တော်ခန်းမ၊ ကုန်တိုက်ကြီးများ စသည်ကဲ့ သို့) အများပြည်သူသုံး အဆောက်အအုံမဟုတ်သည့် သာမန်လူနေ အဆောက်အအုံများ၊

(၂) ခံနိုင်ဝန် ၁၃တန်အောက် နှစ်လမ်းသွား ကတ္တရာနှင့် ကွန်ကရစ်လမ်းများ၊

(၃) ခန်းပွင့် ၂၀ မီတာအောက်နှင့် ခံနိုင်ဝန် တန် ၄၀ အောက် သံမဏိနှင့် သံကူကွန်ကရစ် တံတားများ၊

(၄) အမြင့် ၃၀ မီတာအောက် မြေသားတာတမံများ။

**(ခ) စက်မှုအင်ဂျင်နီယာလုပ်ငန်းများ**

(၁) ၂၀၀၀ ကီလိုဝပ်အောက် အလတ်စားအပူပေးစက်၊ လေဝင်လေထွက်စက်နှင့် လေအေးပေးစက် တပ်ဆင်ခြင်းလုပ်ငန်းများ၊

(၂) ၂၀၀၀ ကီလိုဝပ်အောက် အသုံးပြုသော အလတ်စားစက်မှုအလုပ်ရုံလုပ်ငန်းများ၊

(၃) ၂၀၀၀ ကီလိုဝပ်အောက် အသုံးပြုသော အလတ်စားသံထည်နှင့် သတ္တုလုပ်ငန်းများ၊

(၄) မြင်းကောင်ရေ ၂၅ အောက် စက်၊ ယာဉ်နှင့် ယန္တရားတည်ဆောက်ခြင်းလုပ်ငန်းများ၊

(၅) အလေးချိန် တန် ၅၀အောက် အလတ်စားစက်တပ်ရေယာဉ် တည်ဆောက်ခြင်းလုပ်ငန်းများ၊

(၆) ၆ တန်အောက် ဘွိုင်လာတပ်ဆင်ပြုပြင်ခြင်း လုပ်ငန်းများ။

**(ဂ) လျှပ်စစ်စွမ်းအား အင်ဂျင်နီယာလုပ်ငန်းများ**

(၁) ၄၀၀ ကီလိုဝပ်နှင့်အောက် အလတ်စားမော်တာနှင့် ဂျင်နရေတာထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းများ၊

(၂) အမြင့် ၂၈ မီတာထက်မမြင့်သော အဆောက်အအုံများ လျှပ်စစ်တပ်ဆင်ရေး လုပ်ငန်းများ၊

(၃) ၅၀၀ ကေဗွီအေ နှင့်အောက် ထရန်စဖော်မာပြုပြင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် လုပ်ငန်းခွင်တွင် တပ်ဆင် ခြင်းလုပ်ငန်းများ၊

(၄) ၁၁ ကေဗွီနှင့်အောက် လျှပ်စစ်ဓာတ်အားလိုင်း တပ်ဆင်ရေး လုပ်ငန်းများ၊



Myanmar Law Information System (MLIS)

(၅) ၅၀၀ ကေဗွီအေ နှင့်အောက် လျှပ်စစ်ဓာတ်အားခွဲရုံ တပ်ဆင်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများ။

(ဃ) **ကျန်အထူးပြု အင်ဂျင်နီယာလုပ်ငန်းများ**။ ကျန်အထူးပြုအင်ဂျင်နီယာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကောင်စီသည် တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ပေးရမည်။

<ပြင်ဆင် 09.10.2023>

## အခန်း(၁၃)

## အထွေထွေ

၁၀၅။ ကောင်စီရုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရန်ကုန်မြို့တွင် တည်ရှိရမည်။ လိုအပ်ပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကောင်စီရုံးအဖွဲ့ခွဲများကို တာဝန်ခံဝန်ကြီးဌာန၏ ခွင့်ပြုချက် ဖြင့် ဖွင့်လှစ်နိုင်သည်။

<ပြင်ဆင် 26.06.2021>

၁၀၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ကောင်စီနှင့် လုပ်ငန်း သဘာဝဆက်စပ်သော နိုင်ငံခြားအင်ဂျင်နီယာအဖွဲ့အစည်းများက ဖိတ်ကြား၍ အစည်းအဝေးများ၊ နီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ရန် နိုင်ငံခြားသို့ သွားရောက်ရန် ကိစ္စပေါ်ပေါက်လျှင် ထိုသို့သွားရောက်သော ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ပြည်သူ့ဝန် ထမ်းအဆင့် နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ခွင့်ရရှိရမည်။

၁၀၇။ နိုင်ငံဝန်ထမ်းမဟုတ်သော ကောင်စီဝင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် ကောင်စီက ဖွဲ့စည်းသော အင်ဂျင်နီယာအထူးပြုဘာသာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်သော ပြင်ပမှ ဝါရင့်အင်ဂျင်နီယာများသည်-

(က) တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် ခံစားခွင့်များ ရရှိနိုင်သည်၊

(ခ) တာဝန်အရ ခရီးသွားလာရပါက အမှန်တကယ်ကုန်ကျထားသည့် ခရီးစရိတ်နှင့် အခါအားလျော်စွာ သတ်မှတ်ထားသည့် နေ့တွက်စရိတ်ခံစားခွင့် ရှိသည်၊

(ဂ) ကောင်စီနှင့် သက်ဆိုင်သော အစည်းအဝေးများ တက်ရောက်ရပါက အခါအားလျော်စွာ သတ်မှတ်ထားသည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

<ပြင်ဆင် 26.06.2021>

**အထိမ်းအမှတ်တံဆိပ်**

၁၀၈။ ကောင်စီသည် ကောင်စီ၏ အထိမ်းအမှတ်တံဆိပ်ကို တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သုံးစွဲနိုင်သည်။

<ပြင်ဆင် 26.06.2021>

**ရုံးတံဆိပ်**

Myanmar Law Information System (MLIS)

၁၀၉။ ကောင်စီသည် ဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) မိမိမူပိုင် ရုံးတံဆိပ် သုံးစွဲခွင့်ရှိသည်၊

(ခ) ရုံးတံဆိပ်ကို ကောင်စီ၏ တရားဝင်စာများမှအပ အခြားတွင် သုံးစွဲခြင်း မရှိစေရန် ထိန်းသိမ်းရမည်၊

(ဂ) ရုံးတံဆိပ်ကို မှတ်ပုံတင်အရာရှိချုပ်က လုံခြုံစွာ ထိန်းသိမ်းထားရန် ညွှန်ကြားရမည်။

<ပြင်ဆင် 26.06.2021>

၁၁၀။ ကောင်စီသည် မိမိ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါလိုလားချက်များ ကူညီထောက်ပံ့ပေးရန် တာဝန်ခံဝန်ကြီးဌာနသို့ တင်ပြတောင်းခံနိုင်သည်-

(က) ကောင်စီအတွက် သင့်တင့်လျောက်ပတ်သော ရုံးခန်းနှင့် နေရာထိုင်ခင်း၊

(ခ) ရုံးသုံး ပရိဘောဂ အသုံးအဆောင်များနှင့် စာရေးကိရိယာများ၊

(ဂ) ရုံးလုပ်ငန်းအကူ ဝန်ထမ်းများ၊

(ဃ) သယ်ယူပို့ဆောင်ရေး ကိစ္စများ။

<ပြင်ဆင် 26.06.2021>

ကျော်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

Myanmar Law Information System (MLIS)